# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ်(၀၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ ရုရှားစစ်ရေယာဉ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုအလေးပြုခြင်းကို ခံယူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များက ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Vladimir Lvovich kasatonov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့


*စာမျက်နှာ ၃ ကော်လံ ၁ ➔*



**ယနေ့ ဖတ်စရာ**

ဆီနှင့်ငွေ၊ အတူမနေ — ဆောင်းပါး — စာ - ၁၀

အီရန်နျူကလီးယားအရေး ဥရောပခေါင်းဆောင်များနှင့် အမေရိကန်သမ္မတ ဆွေးနွေးသွားမည် — နိုင်ငံတကာသတင်း — စာ - ၁၂

ကျောင်းတက်ခေါင်းလောင်းသံတို့ လွင့်ပျံ့လာစေချင်ပါပြီ — ဆောင်းပါး — စာ - ၂၀

မြန်မာ့အလင်း

# လူတိုင်းကိုယ်စီ ခြိုးခြံချွေတာ

“ရေကိုမူလ ချွေတာကြ၊ လျှပ်စစ်ကိုလည်း ချွေတာပြီး၊ လောင်စာကိုပါ ချွေတာပါ”။

နိုင်ငံအစိုးရများက ပြည်တွင်းပြည်ပ အခြေအနေများအရ လိုအပ်လာသည့်အခါ မိမိနိုင်ငံအတွင်း ခြိုးခြံချွေတာရေးလမ်းစဉ်များကို ချမှတ်လေ့ရှိသည်။ သို့ရာတွင် ခြိုးခြံချွေတာရေးလမ်းစဉ်ဟူသည် ဖျားနာနေသူကို ဆေးခါးတိုက်သည့်နှယ် လူကြိုက်မများသည့်၊ ပေါ်ပြူလာမဖြစ်သည့်လမ်းစဉ်မျိုးဖြစ်သည်။ ဆေးခါးတိုက်ခြင်းသည် အဖျားပျောက်စေရန်ဖြစ်သည်ကို သိနားလည်စွာဖြင့် ကြိတ်မှိတ်သောက်သည့် ဝေဒနာရှင်များရှိသလို ရုန်းကန်ငြင်းဆန်သူများလည်း ရှိနိုင်သည်သာဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် ရေ၊ လျှပ်စစ်နှင့် လောင်စာချွေတာရေးဆောင်ပုဒ်ကလေးမှာ မြို့နေပြည်သူအများစုတို့ စည်းကမ်းမဲ့သုံးစွဲမှုနှင့် လေလွင့်ပြုန်းတီးမှုတို့ကြောင့် တစ်ခေတ်တစ်ခါက သတိပေးနှိုးဆော်ခဲ့သည့် ဆောင်ပုဒ်ကလေးပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ခြိုးခြံချွေတာရေးလမ်းစဉ်ကို ချမှတ်ကျင့်သုံးခဲ့ကြရာ စားချင်တိုင်း မစားကြရ၊ ဝတ်ချင်တိုင်း မဝတ်ကြရဘဲ အကန့်အသတ်ဖြင့်သာ စားကြရ၊ ဝတ်ကြရသည်။ ရိက္ခာရာရှင်စနစ်ကို ကျင့်သုံးခဲ့ကြရသည်။ တစ်ဖက်ကလည်း တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းအလုပ်လုပ်ကြရသည်။ ယင်းနိုင်ငံများမှာ ယခုအခါ ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ဒုတိယကမ္ဘာစစ်ကာလတွင် စစ်မြေပြင် ဖြစ်ခဲ့ပြီး လွန်စွာအထိနာခဲ့သည့်အတွက် လွတ်လပ်ရေးရပြီးကာလတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းက “လူတွေဟာ အင်မတန်ခြိုးခြံသည်းခံပြီး ဖွဲနပဲနဲ့ စိစစ်ဆောင်ရွက်လုပ်ကိုင်နိုင်မှ လောင်စာကျပြီး ပြာပုံအတိဖြစ်နေတဲ့ ဗမာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်း ကျုပ်တို့လုပ်ရလိမ့်မယ်၊ ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေ ဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိ လုပ်ပြရလိမ့်မယ်” ဟူ၍ မိန့်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့က ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းတစ်နေရာတွင် “အဲဒီတော့ ကျွန်တော်တို့ဗမာတွေက ဆီမရှိ မစားနိုင်ဘူးလို့ ပြောတယ်၊ ဆီမရှိ မစားနိုင်တာတော့ မှန်ပါတယ်။ သို့သော် ဒီဆီတွေဟာ ဘာအတွက်သုံးနေကြသလဲ။ ဖုံးပေါလအောသုံးသလား။ မသုံးဘူးလား။ ဈေးတွေသွားကြည့်စမ်း။ အိမ်တွေသွားကြည့်ပါ။ ဖုံးပေါလအောသုံးတာလား။ မသုံးဘူးလား။ တခြားတိုင်းပြည်တွေ သွားကြည့်ပါ။ ဆီကို ဒီလို ဖုံးပေါလအော သုံးနိုင်သလား။ မသုံးနိုင်ဘူးလား။ ခင်ဗျားတို့ ဆီတွေကို ဖုံးပေါလအောသုံးနေတာ ခင်ဗျားတို့ စိတ်ထဲမှာ ဘာမှအရေးမကြီးဘူးလို့ထင်တယ်။ အဲဒီလို ဖုံးပေါလအောသုံးတဲ့အတွက် ကုလားပြည်ကနေပြီးတော့ ကျွန်တော်တို့တိုင်းပြည်ကို နှစ်စဉ်နှစ်စဉ် ဆီတွေအမြောက်အမြားသွင်းပြီး နေရတယ်”ဟူ၍ ပြောကြားခဲ့ရာ မြန်မာပြည်သူတို့၏ ယနေ့ခေတ် ဆီစားသုံးသည့်နှုန်းမှာမူ လွတ်လပ်ရေးမရမီကထက် များစွာပိုလွန်နေပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံသာယာဝပြောရေး၊ စားရေရိက္ခာပေါများရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်းရှိပြီး ပြည်ပမှ တင်သွင်းနေသည့် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ သံမဏိတို့ကို သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် တွန်းအားပေးလျက်ရှိသည်။ ထို့ပြင် “၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလအတွင်း နိုင်ငံခြားပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် နိုင်ငံခြားငွေများ ပိုလျှံမှုရှိကြောင်း၊ မိမိတို့ ချွေတာ၍ရသည့် လုပ်ငန်းများတွင် ယခုထက်ပိုမို ချွေတာမည်ဆိုပါက ယခုထက်ပိုမို၍ ပိုငွေများပြားလာနိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများ ပမာဏအားဖြင့် များပြားခဲ့သဖြင့် လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းဆီစားသုံးမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး၊ လျှော့ချနိုင်ပါက ကုန်သွယ်မှုပိုငွေများ ယခုထက် ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီသုံးစွဲမှုများအားလျှော့ချရန်လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ အတိတ်နှင့် ပစ္စုပ္ပန်ကာလနိုင်ငံ့ခေါင်းဆောင်များ၏ ခြိုးခြံချွေတာရေးလမ်းစဉ်များနှင့် နိုင်ငံ၏ ပကတိအခြေအနေတို့အပေါ် ဆင်ခြင်သုံးသပ်ကာ လူတိုင်းကိုယ်စီက ဆီစားသုံးမှုလျှော့ချခြင်းအားဖြင့် မိမိအတွက်ရောနိုင်ငံအတွက်ပါ အကျိုးပြုနိုင်ကြပါစေကြောင်း။ ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ ဒုတိယနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ တီးတိန်၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ပင်းပက်၊ ရွာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း) တို့တွင် ဒုတိယနှစ်သင်တန်းများအား နိုဝင်ဘာ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများကို အမြန်ဆုံးဆောင်ရွက်ပေးမည်

**ထားဝယ် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်း ဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ခရီးသွားကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သတ္တုသယံဇာတစသည့် လုပ်ငန်းတာဝန်များစွာရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်လိုသူများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း လုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွက်လည်း ရင်းနှီးမြှုပ်နှံမှုများကို ယခုထက်ပိုပြီး တိုးတက် များပြားလာအောင် ဝိုင်းဝန်း လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဦးသန်းဇော်ဦးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက Pongpipat Development Co:Ltd မှ Bot စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုနှင့် အပန်းဖြေစခန်း လုပ်ငန်းအတွက် ကနဦး မြေရှင်းလင်းခြင်းနှင့် လုပ်ငန်းခွင်ဝင်ရောက်ခွင့်ပြုနိုင်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ V&K Pineapple Canning Co: Ltd မှ ထားဝယ်ခရိုင် ထီးခီးဒေသနှင့် မြိတ်ခရိုင် မောတောင်ဒေသတို့တွင် နာနတ်သီးစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၂၉ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီငါးခုမှ Aziled Tablet ၃၃၃၃၃ ခု၊ Cebay Tablet ၁၄၄၀၊ Ultop Tablet ၁၅၀၀၊ Sol–U–Pred Injection ၇၃၅၀၊ Menem Injection ၂၀၀၀၊ Azithromycin Sandoz Tablet ၂၄၀၁၇ ခု၊ Meropenem Injection ၃၀၃၇ ခု၊ N95 Masks ၁၄ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Syringe ၁၄၅၄၂ ခု၊ Drageranaesthetic Machine အခု ၂၀၊ Mask ၈၇၁၀၀၊ Mindray Hand Carry Bag ၁၀၊ Diagnostic UL Trasound System Mindray ၂၃ခု၊ X–Ray Machine လေးခု၊ Oxygen Generator သုံးခု၊ Oxygen Concentrator ၂၀၊ ဆေးဝါးမျိုးစုံ ၅၄ မျိုး ၅၄၇၄၅၅.၅၈KG၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုမှ Mask ၁၂၅၁၁ KG၊ Liquid Oxygen ၁၅၃၄၆ $m^3$၊ Vitamin C Injection ၁၁၄၀၀ KG၊ Glucose Injection ၂၄၄၈၀KG၊ Vitamin B1 Injection ၆၀၀၀KG၊ Syringe ၁၃၆၁၆ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၉-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levo–floxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc–pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

○ *ရှေ့ဖုံးမှ*

ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Vladimir Lvovich kasatonovနှင့် စစ်ရေယာဉ်မှူး Captain Andrey KUZNETSOV တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ ရုရှားစစ်ရေယာဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆို အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားစစ်ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များအတွက် မြန်မာ့တပ်မတော် စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်နှင့် စစ်ရေယာဉ်မှူးတို့က လက်ခံရယူသည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များအား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်ရှိ အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုများကို ပိုမိုခိုင်မြဲစေနိုင်သည့်အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် စေလွှတ်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်(ရေ) နှစ်ရပ်အကြား ရေကြောင်းလုံခြုံမှုဆိုင်ရာ နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Gremyashiy အား လှည့်လည်ကြည့်ရှုကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်နှင့် စစ်ရေယာဉ်မှူးတို့က စစ်ရေယာဉ်၏ စက်ပိုင်းဆိုင်ရာနှင့် တပ်ဆင်ထားသည့် ကာကွယ်ရေးဆိုင်ရာ လက်နက်များ၏ စွမ်းရည်များ၊ ရာသီဥတုဆိုးရွားမှုဒဏ်ခံနိုင်ရေးအတွက် ခေတ်မီစနစ်များ တပ်ဆင်ထားရှိသည့် အခြေအနေများ၊ အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး စစ်ရေယာဉ် တည်ဆောက်ရေး နည်းပညာပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားစစ်ရေယာဉ် Gremyashiy ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

**အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်**

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်နှင့် စစ်ရေယာဉ်မှူးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်အား ရုရှားနိုင်ငံတွင် စစ်ရေယာဉ်တည်ဆောက်ရေးနှင့် ပတ်သက်သည့် ပညာတော်သင် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ရေ)မှ အရာရှိများနှင့် မိတ်ဆက်ပေးသည်။

**သုံးရက်ကြာ နေထိုင်သွားမည်**

အဆိုပါ ရုရှားတပ်မတော်မှ စစ်ရေယာဉ် Gremyashiy သည် အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်း MITT တံတားသို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အဖြစ် သုံးရက်ကြာ နေထိုင်သွားမည်ဖြစ်ကြောင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ချစ်ကြည်ရေးအားကစားပွဲများကျင်းပခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Vladimir Lvovich kasatonov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ တွေ့ဆုံဆွေးနွေးစဉ်။

■ **နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုများကို ပိုမိုခိုင်မြဲစေနိုင်သည့်အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်(ရေ) နှစ်ရပ်အကြား ရေကြောင်းလုံခြုံမှုဆိုင်ရာ နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားစစ်ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံနှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေတို့အား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံသို့ သွားရောက်၍ ပန်းခြံအတွင်း အများပြည်သူတို့ အပန်းဖြေ အနားယူနိုင်ရေး၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

### စနစ်တကျ ပြုပြင်ထိန်းသိမ်း

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းမှတ်တမ်းဝင် ပန်းခြံဖြစ်သဖြင့် အမြဲစိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊ အများပြည်သူများ စိတ်လက်ချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေးတို့အတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ သမိုင်းဝင်တော်လှန်ရေးပန်းခြံအပါအဝင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် အများပြည်သူ အပန်းဖြေနေရာများအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုဝင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များအား မှာကြားသည်။

### ပြန်လည်ဖွင့်လှစ်ပေးသွားမည်

အဆိုပါ သမိုင်းဝင်တော်လှန်ရေး ပန်းခြံသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အရေးပါသည့် အထင်ကရ နေရာတစ်ခုဖြစ်ပြီး ပန်းခြံတွင် တပ်မတော်နေ့ အခမ်းအနားများကို ၂၀၁၅ ခုနှစ်၊ နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ပန်းခြံအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ယာယီပိတ်ထားရာမှ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်မွမ်းမံမှုများကို ဆောင်ရွက်လျက်ရှိရာ ပန်းခြံအတွင်း ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သမိုင်းဝင်စစ်ထွက်မိန့်ခွန်း ပြောကြားခဲ့သည့် စစ်ထွက်သပြေပင်နှင့် ဗိုလ်ချုပ်၏ စီးတော်မြင်းချည်ခဲ့သော မြင်းချည်သပြေပင်တို့အပါအဝင် အလေးပြုခံ စင်မြင့်နှင့် အလံတိုင်များ၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် မီးရှူးတိုင်များ၊ ကျန်းမာရေးကိုယ်လက်လေ့ကျင့်ရေးကွင်းများ၊ ရေပန်းများ၊ ကလေးကစားကွင်းများ၊ မုခ်ဦးများ၊ သစ်ပင်ပန်းမန်များ၊ ရုပ်တုများ သန့်ရှင်းသာယာလှပမှု ရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး မီးအလှများလည်း ဆင်ယင်ထားရှိကြောင်းနှင့် နိုဝင်ဘာ ၁ ရက်နေ့မှစ၍ အများပြည်သူများ အပန်းဖြေနိုင်ရေး ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ညနေပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေသို့ ရောက်ရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးအောင်မိုးက အားကစားဇုန် သမိုင်းအကျဉ်းနှင့် အားကစားဇုန်နယ်မြေအတွင်း အားကစားကွင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

- **နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းမှတ်တမ်းဝင် ပန်းခြံဖြစ်သဖြင့် အမြဲစိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေး အတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်**
- **သမိုင်းဝင်တော်လှန်ရေးပန်းခြံအပါအဝင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် အများပြည်သူ အပန်းဖြေ နေရာများအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုဝင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြား**

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံဆိပ်ကမ်းမြို့နယ်များအတွင်း အားကစားကွင်းများ အဆင့်မီမီဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် အားကစားဇုန်နယ်မြေအတွင်းရှိ မသန်စွမ်း အားကစားရုံနှင့် အမျိုးသားရေကူးကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မသန်စွမ်း အားကစားရုံ ပြန်လည်ဖွင့်လှစ်နိုင်မည့် အခြေအနေများနှင့် အမျိုးသားရေကူးကန်အား အများပြည်သူများ ရေကူးအားကစား ဆောင်ရွက်နိုင်ရန်အတွက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရေကူးကန်အားအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားဇုန်နယ်မြေအတွင်းရှိ မသန်စွမ်းအားကစားရုံနှင့် အမျိုးသားရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတည်ဆောက်မည့် အခြေအနေများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❖ ယခုမြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား စစ်မှုထမ်းဟောင်း မြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန်လို

❖ မြို့ပြအင်္ဂါရပ်များနှင့် ပြည့်စုံစေရန်အတွက် ရေနှင့် လျှပ်စစ်မီးများ ဖူလုံစွာရရှိရန် လိုအပ်သကဲ့သို့ အများနှင့်သက်ဆိုင်သည့် နေရာဌာနများလည်း ပြည့်စုံစွာရှိနေရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်တို့က လေးထောင့်ကန် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတည်ဆောက်မည့် အခြေအနေ၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှု အခြေအနေနှင့် ဆက်လက်နေရာချထားပေးမည့် အခြေအနေ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေ၊ စစ်မှုထမ်းဟောင်းအိမ်ရာ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်စွန့်ပစ်စနစ်၊ မိလ္လာစနစ်၊ မီးသတ်စခန်းနှင့် အုပ်ချုပ်မှုရုံးများ၊ စနစ်တကျ ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခုတင် (၁၀၀) ဆံ့ ဆေးရုံနှင့် ကလေးငယ်များ ပညာသင်ကြားရေးအတွက် မူကြိုကျောင်းနှင့် မူလတန်းလွန်ကျောင်း တည်ဆောက်ရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုမြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့ပြအင်္ဂါရပ်များနှင့် ပြည့်စုံစေရန်အတွက် ရေနှင့် လျှပ်စစ်မီးများ ဖူလုံစွာရရှိရန် လိုအပ်သကဲ့သို့ အများနှင့်သက်ဆိုင်သည့် နေရာဌာနများလည်း ပြည့်စုံစွာရှိနေရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စဉ်းစားဆောင်ရွက်ရာတွင် နောင်အနာဂတ်အတွက် မျှော်မှန်း၍ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုကြောင်း၊ ယခုမြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တည်ဆောက်ပြီးစီးချိန်တွင် မြို့တစ်မြို့ကဲ့သို့ လူဦးရေရှိမည်ဖြစ်သဖြင့် ကလေးအရွယ်မှ လူကြီးပိုင်းအရွယ်အထိ အားလုံးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများ ရှိနေရန်အတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီသည့် နည်းပညာများအသုံးပြု၍ မွေးမြူရေး ကုန်ထုတ်လုပ်မှုများ ထုတ်လုပ်ပြီး ရန်ကုန်မြို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သကဲ့သို့ ရန်ကုန်မြို့၏ စံပြအဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ နေရာအနည်းအငယ်အတွင်း ထုတ်ကုန်အရေအတွက်များစွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း အပန်းဖြေအနားယူနိုင်ရန်အတွက် အပန်းဖြေနေရာများတွင် အရိပ်ရလေကာပင်များ စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ ယခုကဲ့သို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရခြင်းမှာ စစ်မှုထမ်းဟောင်းများ၏ နေထိုင်စားသောက်ရေးအတွက် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အလားတူ စစ်မှုထမ်းဟောင်းများ၏ သားသမီးများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖော်ဆောင်ပေးမည်ဖြစ်သကဲ့သို့ နောင်တွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာဆိုင်ရာကျောင်းများ တည်ဆောက်နိုင်ရေး မျှော်တွေးစဉ်းစားထားရန် လိုကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်ကြသူများနှင့် ဒေသခံပြည်သူများ၏ သွားလာမှုအဆင်ပြေစေရေးအတွက်လည်း Public Transportation ဖြစ်သည့် မြို့ပတ်ရထားများ ပြေးဆွဲနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

### လမ်းညွှန်ဆွေးနွေးမှာကြား

ယင်းနောက် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်မှုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်ဆွေးနွေး မှာကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လေးထောင့်ကန် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၉**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)



**အသိပေးအကြောင်းကြားသွားမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting – CTFMR)တို့ အကြား " အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်" ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါစီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး တပ်မတော်မှ အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည် ၁၀၂၉ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပြီး မိဘရပ်ထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ CTFMR နှင့် တိုက်ဆိုင်စစ်ဆေးထားပြီး ကျန်ရှိသည့် အသက်မပြည့် စစ်သည်များကိုလည်း စနစ်တကျ စိစစ်၍ နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီနှင့် UNCTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို သုံးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို UNICEF သို့ အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှေ့လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များနှင့် သက်ဆိုင်ရာ ရုံး/ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မုံရွာမြို့၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့တို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။(အပေါ်ပုံ)



အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၆ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ဆက်လက်ကူညီပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၉**

ချင်းပြည်နယ် ပလက်ဝမြို့၌ ယာယီနေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်ဖြစ်သော ကျေးရွာများ၌ ပြန်လည်နေထိုင်နိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက အောက်တိုဘာ ၂၆ ရက်မှစတင်၍ ပြန်လည် ပို့ဆောင်ပေးလျက်ရှိရာ နေရပ်ပြန်ရန် ကျန်ရှိနေသော အောက်သဲမဝကျေးရွာနှင့်ဘောင်ဝကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူများအား ယနေ့တွင် စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ပေးသည်။

တိုက်ပွဲရှောင်ပြည်သူများ၏ နေရပ်ဖြစ်သော ကျေးရွာများ၌ မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နေအိမ်များ ပြန်လည်ပြုပြင်ပေးခြင်းနှင့် လုပ်ကိုင် စားသောက်ရန်လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အောက်တိုဘာ ၂၆ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် တမန်းသားကျေးရွာ၊ ပလပ်ချောင်းဝကျေးရွာနှင့် အန်ခိုးဝကျေးရွာတို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ဆီဖလောင်းကျေးရွာနှင့် အောင်မီးလက်ဝကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူများအား လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် စိမ့်စမ်းဝကျေးရွာနှင့် ငဗွီကျေးရွာတို့မှတိုက်ပွဲရှောင်ပြည်သူများအား လည်းကောင်း တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ၎င်းတို့၏နေရပ်အသီးသီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဒေသ တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်

ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ များစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့်ဒေသများတွင် သတင်းရရှိမှု ပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံး တည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် စာပေရေးသားထုတ်ဝေမှုများကို ဆောင်ရွက်ပေးစေလို

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လတ် (နောင်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် အဖွဲ့ဝင် ၂၂ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် မီဒီယာပလက်ဖောင်းမျိုးစုံနှင့် ထိတွေ့ဆောင်ရွက်နေရသည့်အတွက် လွန်စွာအရေးကြီးသည်ဟု ခံယူထားပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများသည် နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် ပုဂ္ဂိုလ်ကြီးများဖြစ်၍ လွန်စွာ လေးစားတန်ဖိုးထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်နယ်ပယ်မှ ပုဂ္ဂိုလ်များကို ပညာရှင်အဖြစ် သိမှတ်လက်ခံထားပါကြောင်းနှင့် လိုအပ်သည့်ကိစ္စများကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် မှာကြားထားပါကြောင်း။

ယနေ့ဖြစ်ပေါ်နေသော နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ပြန်လည်သုံးသပ်ပါက လူငယ်များ၏ အနာဂတ်ကို မှန်ကန်စွာ ပြန်လည်ပြုစုပျိုးထောင်ပေးရန် လိုအပ်နေသည်ကို တွေ့ရပါကြောင်း၊ လူငယ်များသည် မိမိတို့စိတ်တိုင်းကျ ပုံလောင်းပုံဖော်နိုင်သည့် ဖယောင်းခဲလေးများပင်ဖြစ်ပါကြောင်း၊ လူငယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် စာပေရေးသားထုတ်ဝေမှုများကို ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စာပေမြင့်မှ လူမျိုးမြင့်မည် ဆိုသည့်ခံယူချက်ဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ယနေ့အချိန်တွင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ စနစ်တကျ ရွေးချယ်၍ ဆုများ ချီးမြှင့်နိုင်ရန် ဆောင်ရွက်နေသည့်အတွက် လွန်စွာ ကျေးဇူးတင်ပါကြောင်း၊ ဆုရွေးချယ်ရေး အဖွဲ့ဝင်များသည် အတွေ့အကြုံနှင့် အသိပညာရှင့်ကျက်သူများဖြစ်၍ ထိုက်တန်သည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ ဆုပေးပွဲအခမ်းအနားကို နိုင်ငံတော်အဆင့် အခမ်းအနားတစ်ခုနှင့် ထိုက်တန်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ်ကို စည်းကမ်းရှိခြင်း၊ တရားမျှတခြင်းများဖြင့် အနှစ်သာရပြည့်ဝစွာ အားလုံးပူးပေါင်း အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်နှင့်လျော်ညီသည့် စာအုပ်များ စီစဉ်ထုတ်ဝေသွားမည်ဖြစ်သကဲ့သို့ စာအုပ်ဆိုင်များကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စာဖတ်သူနှင့် စာမဖတ်သူများ၏ အတွေးအခေါ်၊ အယူအဆ၊ အလုပ်အကိုင်များသည်လည်း လွန်စွာကွဲပြားမှုရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ အတွေးအခေါ်၊ အယူအဆ မှန်ကန်စေရန် စာပေလေ့လာဖတ်ရှုစေရေး စာပေပညာရှင်ကြီးများက ဝိုင်းဝန်းဖော်ဆောင် ပေးကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လတ် (နောင်) နှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က ဆုရွေးချယ်မှုဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ ပြိုင်ပွဲဝင် စာအုပ်များ ပြည့်စုံစွာ လက်ခံရရှိမှု၊ ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းများ စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက စာပေဖွံ့ဖြိုးရေးကိစ္စများနှင့် စာဆိုဗိမာန်ပေါ်ပေါက်ရေး ကိစ္စများကိုလည်းကောင်း အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မိုးစပါးများရိတ်သိမ်းချိန်တွင် တောင်သူများကို သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၉**

မိုးစပါးများ ရိတ်သိမ်းချိန်တွင် တောင်သူများအားသက်သာသော ဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပရာ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ အတွင်းရှိ တိုင်းဒေသကြီးအလိုက် မိုးစပါးစိုက်ပျိုးမှု၊ ရိတ်သိမ်းနေမှု၊ စက်မှုလယ်ယာနှင့် ပုဂ္ဂလိက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပေးနိုင်မှု၊ ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှုနှင့် လက်ကျန်၊ တိုင်းဒေသကြီးအလိုက် စက်သုံးဆီလိုအပ်ချက်အခြေအနေ၊ မိုးစပါးများ ရိတ်သိမ်းချိန်အမီ တောင်သူလယ်သမားများကို စက်သုံးဆီများ အမြန်ဆုံး ဖြန့်ဖြူးရောင်းချပေးနိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးရန် ပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ အတွင်းရေးမှူးများ၊ UMFCCI ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စက်သုံးဆီများကို ရိတ်သိမ်းချိန်အမီ သက်သာသော ဈေးနှုန်းဖြင့် အမြန်ဆုံး ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများအပေါ် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးစခန်းနှင့် ငါးသင်တန်းကျောင်းကို ငါးလုပ်ငန်းသိပ္ပံကျောင်းဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူများ၊ အဆင့်မြင့်ပညာရှင်များ တိုးပွားလာရေးကို အရေးကြီးသောလုပ်ငန်းရပ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွက်လိုအပ်လျက်ရှိသော ငါးလုပ်ငန်း သိပ္ပံကျောင်းသစ် တည်ထောင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် ငါးလုပ်ငန်းသိပ္ပံကျောင်းသစ်တည်ထောင်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆွေးနွေးပြောကြားသည်။(ယာပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ကုန်းတွင်းရေချိုသယံဇာတများ၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများတည်ရှိနေမှုအပေါ် ရေထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် နိုင်ငံအတွက် အကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ငါး၊ ပုစွန် မွေးမြူ ထုတ်လုပ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် စံပြငါးမွေးမြူရေးကန်များ ဖော်ဆောင်ပြီး ပြည်ပပို့ကုန်တိုးတက်ရေး မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငါးလုပ်ငန်းသိပ္ပံကျောင်းများမှတစ်ဆင့် ရေလုပ်ငန်းတက္ကသိုလ်အဆင့်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရေး မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးစခန်းနှင့် ငါးသင်တန်းကျောင်းကို အဆင့်မြှင့်တင်၍ ငါးလုပ်ငန်းသိပ္ပံကျောင်းဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် ငါး၊ ပုစွန် မွေးမြူရေး အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ ဒေသခံ ငါးမွေးတောင်သူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များထံ ခေတ်မီ ငါး၊ ပုစွန် မွေးမြူနည်းပညာများ ပြန်လည်ဆင့်ပွားပေးနိုင်ရန်၊ ရေလုပ်ငန်း ပညာရပ်တွင် စိတ်ဝင်စားသော တက္ကသိုလ်ဝင်တန်းအောင်လူငယ်များ တက်ရောက်သင်ကြားစေနိုင်၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ သိပ္ပံနည်းကျ ငါးမွေးမြူခြင်းမှတစ်ဆင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး အကျိုးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းကာလ သုံးနှစ်ပြီးမြောက် အောင်မြင်ပါက ဒီပလိုမာဘွဲ့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ယနေ့ ကျင်းပပြုလုပ်သည့် ငါးလုပ်ငန်းသိပ္ပံကျောင်းသစ်တည်ထောင်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ငါးလုပ်ငန်းသိပ္ပံကျောင်း ဖွင့်လှစ်မည့် အစီအစဉ်၊ သင်ကြားရေးကာလနှင့် စာတွေ့လက်တွေ့ သင်ကြားချိန်၊ ပို့ချမည့်ဘာသာရပ်၊ သင်တန်းတက်ရောက်မည့် သင်တန်းသား အရည်အချင်း၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကာလ အထောက်အပံ့ရရှိရေး၊ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်များတွင် ပေါင်းကူးတက်ရောက်နိုင်ရေးနှင့် ကျောင်းဆင်းမောင်မယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးဖော်ဆောင်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်ထက်မြက်၍ စိတ်ဓာတ်နှင့် ခံယူချက် ပိုမိုမြင့်မားစေရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုက အမှုထမ်း၊ အရာထမ်း အားလုံးကို အဆင့်လိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ၂၉**

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၈)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပသည်။



သင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက သင်တန်းကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၌ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်လျက်ရှိကြပြီး အနာဂတ်တွင် နိုင်ငံတော်၏ ကြီးမားသည့် လုပ်ငန်းတာဝန်များကို ဦးစီးဦးဆောင် ထမ်းဆောင်ကြမည့် အဆင့်မြင့် အရာရှိကြီးများ၏ အရည်အသွေးနှင့် ခံယူချက်များ ပိုမိုထက်မြက် မြင့်မားလာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ဘာသာရပ် ပို့ချမှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန ၂၀နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ခုနစ်ခုမှ အဆင့်မြင့် အရာရှိကြီးများက ပါဝင်ပို့ချဆွေးနွေးသင်ကြားပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံတော်၏ချမှတ်ထားသည့် မူဝါဒများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၏ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဘက်စုံထောင့်စုံက ပိုမိုသိမြင်ဆွေးနွေးနိုင်မည့် အခွင့်အလမ်းကောင်းကို ရရှိကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်ရာတွင် မိမိလုပ်ငန်းနယ်ပယ် တစ်ခုတည်း တတ်သိနားလည် ကျွမ်းကျင်ရုံနှင့် မလုံလောက်ဘဲ နိုင်ငံတော်အုပ်ချုပ်မှု ယန္တရားကြီး တစ်ရပ်လုံး၏ လည်ပတ်ဆောင်ရွက်နေသည့် အခြေအနေများကို နှံ့နှံ့စပ်စပ် သိရှိနားလည်ပြီး မိမိလုပ်ငန်းတာဝန်များကို ဟန်ချက်ညီညီထိန်းကျောင်း ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းများ၏ အရည်အသွေး စွမ်းရည်မြင့်မားအောင် နိုင်ငံတော်က လေ့ကျင့်သင်ကြားပေးပြီး ထိန်းကျောင်းနေသည့် နေရာတွင် အဆင့်မြင့်အရာရှိကြီးများ၏ တာဝန်သိမှုနှင့် အမြော်အမြင်ရှိမှုမှာ အထူးအရေးကြီးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်ထက်မြက်၍ စိတ်ဓာတ်နှင့် ခံယူချက် ပိုမိုမြင့်မားစေရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုက အမှုထမ်း၊ အရာထမ်း အားလုံးကို အဆင့်လိုက် လေ့ကျင့်သင်ကြားပေး လျက်ရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများကလည်း ဌာနတွင်း မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ထို့ပြင် အဆင့်မြင့်ပညာများကို ဆက်လက်လေ့လာသင်ယူနိုင်ရန် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်၊ အဖွဲ့အစည်းများသို့ တစ်နှစ်လျှင် ပညာတော်သင် ၂၅၀၀ မှ ၃၀၀၀ ခန့်အထိ စေလွှတ်ပညာသင်ကြား ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သည့် CDM လှုပ်ရှားမှုများတွင် ကိုယ်ကျိုးစီးပွားနှင့် ဆက်နွယ်နေသည့် အဆင့်မြင့်အရာထမ်း အနည်းငယ်နှင့် အမြော်အမြင်နည်းပါးသည့် အောက်ခြေအရာထမ်း၊ အမှုထမ်း အချို့ပါဝင်သွားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း (၉၀ ရာခိုင်နှုန်း) ကျော်သည် တာဝန်သိသိ အမြော်အမြင်ရှိရှိ နိုင်ငံတော်ကို သစ္စာစောင့်သိကြသည့်အတွက် နိုင်ငံတော် အုပ်ချုပ်မှု ယန္တရားလည်ပတ်မှုအပေါ် သက်ရောက်မှုနည်းပါးသော်လည်း ရွေးချယ်လေ့ကျင့်ပေးထားသည့် နိုင်ငံ့ဝန်ထမ်းအချို့ ဆုံးရှုံးမှုသည် နိုင်ငံတော်အတွက် သာမက ကာယကံရှင် နိုင်ငံ့ဝန်ထမ်းများအတွက်ပါ ကြီးမားသည့် သင်ခန်းစာတစ်ရပ် ဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ရပ်မျိုး ထပ်မံ မဖြစ်ပေါ်စေရန်အတွက် အားလုံးကြိုးပမ်း ဆောင်ရွက်ပေးကြရန်လည်း မှာကြားလိုပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း အားလုံးသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်နှင့် နိုင်ငံတော်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ မည်သည့်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူ အကျိုးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်မှု ယန္တရားခိုင်မာအောင် သစ္စာရှိရှိ ထိန်းသိမ်းကြရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများ အစဉ်အမြဲတိုးတက်စေရေးကို အမြဲရှေးရှုဆောင်ရွက်ရန်တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၇)သို့ သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ကိုးဦး စုစုပေါင်း ၂၁ ဦးနှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်း၊ အမှတ်စဉ် (၈) သို့ သင်တန်းသား၂၅ဦး၊ သင်တန်းသူ ၂၁ဦး စုစုပေါင်း ၄၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၇ ရက်ထိ ရက်သတ္တပတ်ရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၇)နှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၈)မှ သင်တန်းသား၊ သင်တန်းသူများကို "ကုလသမဂ္ဂနှင့် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်" ကို ဆွေးနွေးပို့ချခဲ့ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့ အမှတ်(၁၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁၁)ရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၄၈ စုအတွက် ဆန်နှင့် ကြက်ဥများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးအား ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး၊ ရုံးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေး၊ ရုံးအဆောက်အဦများ၊ စာသင်ဆောင်များ၊ လူနေအဆောက်အဦများ၊ ခြံစည်းရိုးများနှင့်လမ်းများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ သင်တန်းကျောင်းအား အလင်းဖွင့်ပေးနိုင်ရေးနှင့် သင်တန်းကျောင်း၏ ဖွဲ့စည်းပုံကိုပြင်ဆင်ကာ အဆင့်မြှင့်တင်နိုင်ရန် လိုအပ်သည်များကို ရေးဆွဲတင်ပြပေးနိုင်ရေး၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများအား ပြန်လည်သုံးသပ်၍ ခေတ်စနစ်နှင့် လျော်ညီသော သင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲနိုင်ရေး၊ ထူးချွန်ကျောင်းသားများကို သမဝါယမကောလိပ်(ဖောင်ကြီး)သို့ ချိတ်ဆက်ပေးနိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်များရေးဆွဲ တင်ပြသွားရန်နှင့် သမဝါယမလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် သင်တန်းကျောင်းအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း ပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# အသစ်ခန့်အပ်မည့် ဆရာ ဆရာမများကို အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းများ နိုဝင်ဘာ ၈ ရက်မှစ၍ ဖွင့်လှစ်မည်

## ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့် ကလေးများကို အမှန်တကယ် စာတတ်မြောက်အောင်သင်ကြားပေးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

**ပညာရေးဝန်ကြီးဌာန တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် အသစ်ခန့်အပ်မည့် နည်းပြ၊ သရုပ်ပြအသစ်များကို အရည်အသွေး မြှင့်တင်ရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အောက်တိုဘာ ၂၅ ရက်က ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသည့် ပညာရေးဝန်ထမ်းများကို လေ့ကျင့် မွေးထုတ်သွားရန် လိုအပ်ကြောင်း လမ်းညွှန် မှာကြားခဲ့ပါကြောင်း၊ သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်နည်းပြ၊ သရုပ်ပြအသစ်များကို မကြာမီခန့်ထားပြီး တာဝန်ကျရာ တက္ကသိုလ်ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် နိုဝင်ဘာ ၈ ရက်မှစတင်၍ ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်လကြာ ဖွင့်လှစ်ရန်စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းများတွင် နံနက်ပိုင်း၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံဘဏ္ဍာဌာနမှူးများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို ပို့ချပေးမည်ဖြစ်ပါကြောင်း။

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့က ပြုစုရေးသား၍သက်ဆိုင်ရာ တက္ကသိုလ်များသို့ ဖြန့်ဝေထားပြီးဖြစ်သော သင်ပြနည်းပညာဘာသာရပ်၊ ပညာရေးသဘောတရားနှင့် စီမံခန့်ခွဲမှုပညာဘာသာရပ်နှင့် ပညာရေးစိတ်ပညာဘာသာရပ်တို့ကို ပညာရေးတက္ကသိုလ်များ၏ နည်းပြများက လူကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သကဲ့သို့ ပညာရေးတက္ကသိုလ်မှ ဆရာမများကလည်း အွန်လိုင်းမှ ဖြည့်ဆည်းသင်ကြားမည်ဖြစ်ပါကြောင်း၊ မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာဘာသာရပ်ဌာနအသီးသီး၌ ပါမောက္ခများ၊ ဝါရင့်တွဲဖက် ပါမောက္ခများက ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်မှုအခြေအနေကို ပါမောက္ခချုပ်များက ကြီးကြပ်ကာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့တို့သို့ အပတ်စဉ် သတင်းပို့စေလိုပါကြောင်း၊ ပညာရေးတက္ကသိုလ်များက လေ့ကျင့်ပို့ချပေးသော သင်ပြနည်းဆိုင်ရာ နည်းပြသင်တန်းများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အသစ်ခန့်အပ်ထားသော ဆရာ ဆရာမများလည်း တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မည်သည့်အစိုးရတက်တက် စာသင်ကြားရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ နိုဝင်ဘာလမှစတင်ကာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေး ဝန်ထမ်းများနှင့် စနစ်တကျ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်နေခဲ့သည့် ပညာရေးကဏ္ဍကို ပြန်လည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းတို့က ဆွေးနွေး ပြောကြားကြသည်။



ဆက်လက်၍ နံနက် ၁၁ နာရီတွင် မကြာမီအသစ်ခန့်အပ်မည့် အခြေခံပညာ ဆရာ ဆရာမများကို အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်း ဖွင့်လှစ်ရေး၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေး တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး က မကြာမီ အသစ်ခန့်အပ်မည့် အခြေခံပညာဆရာ ဆရာမများသည် နိုဝင်ဘာ ၈ ရက်မှ စတင်ကာ ရန်ကုန်ပညာရေး တက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းများ တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်ပညာရေးမှူးများက ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်ကာ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာကြီး ဆရာမကြီးများက သင်ပြနည်းပညာ ဘာသာရပ်နှင့် သက်ဆိုင်ရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဘာသာရပ်များကို ကိုယ်တိုင်လေ့ကျင့်ပို့ချပေးရန် စီစဉ်ထားပါကြောင်း၊ အသက် ၁၂ နှစ် အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံရေး၊ စာသင်ကျောင်းများ ပိုးသတ်ဆေးဖျန်းရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့် ကလေးများကို အမှန်တကယ် စာတတ်မြောက်အောင် သင်ကြားပေးရေး ကိစ္စရပ်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှင်ဗွေယန်မြို့၌ အသက်(၁၈)နှစ်အထက် ပြည်သူများအား ကိုဗစ် -၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံ

**ရှင်ဗွေယန် အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့အတွင်း အသက် (၁၈) နှစ်အထက် ပြည်သူများအား ပဉ္စမအသုတ်အနေဖြင့် ဆီနိုဖမ်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီမှစတင်ကာ အမှတ်(၃)ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်- ၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ ကောင်းကျိုးများကို ရှင်ဗွေယန်မြို့ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သီတာက ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စနစ်တကျ ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရှင်ဗွေယန်မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာခြောက်ရွာမှ အသက်(၁၈)နှစ်အထက်ရှိသူ စုစုပေါင်းလူဦးရေ ၃၀၀ တို့ကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းသွယ်ဦး (ပြန်/ဆက်)**

# ဆီနှင့်ငွေ၊ အတူမနေ

ဆရာမဲဇာ

**ငယ်စဉ်က ဆီဝယ်သည့် အလုပ်ကို ကလေးတွေ လုပ်ရပါသည်။ ဆီပုလင်းလေးယူပြီး ဆီသည်ထံ သွားဝယ်ရာတွင် ငါးကျပ်သား၊ တစ်ဆယ်သား ခြင်ခွက်ကလေးတွေနှင့် ထည့်ပေးသည်ကို သဘောကျပါသည်။ ကစားသည့် ဂေါ်လီလုံးသာသာ ခြင်ခွက်ကလေးတွေ၊ ဂျင်ပေါက်ကစားသည့်အရွယ် ခွက်ကလေးများကို ကိုင်၍ ဆီပုံးထဲမှ ခြင်တွယ်ရောင်းချနေသည်မှာ ကြည့်၍လှ၏။ အလွန်လျင်မြန် ကျွမ်းကျင်စွာ ခြင်တွယ်ပေးသော ဈေးသည်ကလေးတွေကို ကြည့်၍ အံ့ဩမိ၏။**



**● ကျွန်တော်တို့မှာ “ဆီအိုး” ဖြစ်နိုင်စွမ်းရှိနေသည်မှာ စိတ်ကူးယဉ်မဟုတ်ချေ။ တန်ဖိုးမြင့်၍ ရောင်းချနိုင်သော နှမ်းဆီ၊ မြေပဲဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဆီ၊ နေကြာဆီကအစ မြန်မာပြည်မှာ ထုတ်လုပ်ရောင်းချ နိုင်၏။ ဈေးသက်သက်သာသာနှင့် ဝယ်စားနိုင်သော ဆီအုန်းများကိုလည်း တောမပျက် တောင်မပျက် ဆက်လက်တိုးမြှင့် ထုတ်ယူနိုင်ရန် စီမံနိုင်၏။ သံလွင်ဆီ၊ ထောပတ်သီးဆီမှစ၍ အမည်သစ်များ ထုတ်လုပ်ရန်ကြံဆနိုင်၏**

အရွယ်ရောက်လာသည့်အခါတွင် ဓာတ်ဆီဆိုင်မှာ အလုပ်လုပ်သည့်အခါမှ ခြင်တွယ်သူ၏ ကျွမ်းကျင်မှုက အရေးကြီးပါလားဟု သတိထားမိ၏။ ဓာတ်ဆီရောင်းရာတွင် ဆီထည့်သည့် ဂေါက်ကို စက်ရပ်သည်နှင့် တစ်ပြိုင်နက် မြန်မြန်ထုတ်ယူနိုင်လျှင် ဓာတ်ဆီတွေ ပိုက်ထဲမှာ ကျန်ခဲ့မည်။ ထိုနည်းတူ ဆီသည်တို့မှာလည်း ဆီခြင်ခွက်၏ အနုတ်အသိမ်းအပေါ်ကြည့်၍ လက်ကျန်ရှိပါ၏။ ဆီကားရေနှင့်မတူ။ ခွက်ကျန်များ၏။

## ဆီနှင့်ငွေ

“ဆီနှင့်ရေလိုပဲ” ဟု နှိုင်းယှဉ် မြန်မာစကားရှိ၏။ အရည်အသွေး ကွာခြားမှုကို ညွှန်းဆိုပါ၏။ “ဆီနှင့်ငွေလိုပဲ” ဟူသော နှိုင်းယှဉ်စကားမျိုး မရှိသေးသည့်အတွက် ယခုဆောင်းပါးဖြင့် နှိုင်းယှဉ်၍ ပြလိုပါ၏။ ငွေတန်ဖိုးအားဖြင့် ဆီသည် တရိပ်ရိပ်တက်လျက်ရှိ၏။ ငွေနှင့်နှိုင်းယှဉ်၍ ဆီတန်ဖိုး တက်သည်နှင့်အမျှ ဆီ၏အရည်အသွေးအပြောင်းအလဲရှိနေ၏။

“ Shrinkflation ” ဟု ယခုအခါ ကင်ပွန်းတပ်ကြလေသည်။ ငွေတန်ဖိုးဖောင်းပွမှု၊ ဈေးမြင့်တက်မှုကို လှည့်စားသည့်အနေဖြင့် ဈေးမှန်ရောင်းကာ အထုပ်ထဲမှ ပစ္စည်းပမာဏလျှော့ချ၍ တွက်ခြေကိုက်အောင် လုပ်လာကြလေသည်။ ဤအဖြစ်အပျက်ကို Edgar Dworsky ဆိုသူက သုတေသနပြုဖော်ထုတ်ခဲ့လေသည်။ သူတို့နိုင်ငံတွင် အာလူးကြော်ကအစ ပြောင်းဖူးပေါက်ပေါက်အဆုံး အထုပ်ထဲတွင် လျှော့ရာမှ ရှုံ့၍သွားခြင်း (Shrink) ဖြစ်ကြောင်းတွေ့ရ၏။ “ဒါမျိုးတွေ ဒီမှာရှိသလား” ဟု မေးလျှင် ရယ်ကြမည်မုချ။

မြန်မာပြည်တွင် သာလွန်မင်းကြီး လက်ထက်ကတည်းကစ၍ အလေး၊ တင်းတောင်း အချိန်အတွယ်ကို စိစစ်ပြီးသား။ မမှန်မကန်ပြုလုပ်သူများကို ထိရောက်ပြင်းထန်စွာ အရေးယူခဲ့သည်ဖြစ်၍ တန်ဖိုးကြီးသောဆီကို အလေးခိုးရောင်းချမည့်သူ မရှိဟု ယူဆရပေသည်။ သို့ရာတွင် လက်လီရောင်းချရာ၌သုံးသော ဆီမှုတ်ခြင်ခွက်များမှာ အလေးချိန်ကို ထုထည်နှင့် ဖလှယ်ရောင်းချနေခြင်းဖြစ်ရာ မည်မျှမှန်ကန်ကြောင်း သုတေသနပြုသည့် မြန်မာပညာရှင်တို့ မပေါ်ပေါက်သေးချေ။

ထို့အတူ အတူမနေသော ဆီထဲသို့ ရေထိုးထားခြင်း ရှိ မရှိ၊ ဆီထဲသို့ ရေရော၍ ပွားနိုင်သောနည်းပညာ ရှိ မရှိ ကျွန်ုပ်တို့မသိ။ ရေးရေးမျှ သိလာရသည့် အချက်ကား ဆီကိုဆီရော၍ ရောင်းချနေကြောင်းပင်။ တန်ဖိုးရှိသော ဆီကို တန်ဖိုးနည်းသောဆီဖြင့် ရောနှောရောင်းချခြင်းဖြင့် ရှုံ့တွမှု (Shrinkflation) မဖြစ်နိုင်။

သို့သော် စားသုံးသူများ၏ နှလုံးသွေးကြောကလီစာများမှာ ထိုဆီရောများကြောင့် ရှုံ့တွ ပျက်စီးမှုများ ဖြစ်လာမည်မှာ သေချာ၏။ ငွေတန်ဖိုးဖောင်းပွမှုနှင့်အတူ လူတို့မှာ ဖောရောင်ဖောင်းပွမှုများ ဖြစ်ပေါ်လာမလား၊ စိုးရိမ်စရာ ဖြစ်ပါတော့၏။

အရောအနှောမပါဘဲ ဆီအစစ်၊ ဆီအသန့် တင်သွင်းရမှုကို လေ့လာမိသော အချက်ကား ၁၈-၁၀-၂၀၂၂ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် “၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ပြည်ပကနေ စားသုံးဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်းခဲ့ရပါတယ်။ အမေရိကန်ဒေါ်လာအားဖြင့် သန်းပေါင်း ၈၃၀ ကျော် ဖြစ်ပါတယ်။ လူတစ်ယောက်ကို ခြောက်ပိဿာနှုန်းနဲ့ စားမယ်ဆိုရင်တောင်မှ မြန်မာနိုင်ငံမှာ ဆီလိုအပ်ချက်ဟာ တန်ချိန်ငါးသိန်းပဲရှိပါတယ်။ တကယ်လို့ ခုနစ်ပိဿာနှုန်းနဲ့ စားမယ်ဆိုရင် ဆီလိုအပ်ချက် ၅ ဒသမ ၆ သိန်းရှိပါမယ်။ တကယ်လို့ ရှစ်ပိဿာနဲ့ စားမယ်ဆိုရင် ဆီလိုအပ်ချက် ၆ ဒသမ ၆ သိန်းရှိပါတယ်။ အခု ရှစ်သိန်းကျော်သွင်းထားတဲ့အတွက်ကြောင့် ဆီစားသုံးမှုဟာ လွန်စွာမှများပြားနေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်”ဟု ပြောကြားပြီး ဆီစားသုံးမှုကို ကျန်းမာရေးအမြင်အရသော်လည်းကောင်း၊ နိုင်ငံရဲ့ လိုအပ်ချက်အရသော်လည်းကောင်း ဒါကို ကြပ်ကြပ်မတ်မတ်နဲ့ထိန်းသိမ်းစားသုံးဖို့ မေတ္တာရပ်ခံသွားတာ မှတ်သားမိပါသည်။

## ပညာပေးမှုများ

ကျန်းမာရေးအမြင်အရ ဆီစားသုံးမှုသည် ဘေးအန္တရာယ် ဖြစ်လောက်အောင် များပြားနေကြောင်း ပညာပေးခဲ့၊ ပြောခဲ့၊ ရေးခဲ့ပေါင်းများပြီဖြစ်ပါသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ပညာပေးလုပ်ငန်းများ ကျွန်တော်တို့ လုပ်ခဲ့ကြ၏။ လူပေါင်းမည်မျှကို မည်သည့်နည်းဖြင့် အသိပညာပေးလိုက်ကြောင်း၊ ဆောင်းပါးပေါင်းမည်မျှရှိ၍ မည်သူတွေက မည်သို့ရေးခဲ့ကြောင်း အထောက်အထားတွေကို ပညာပေးထွက်ကုန် (Output) အဖြစ် တွေ့ရှိနိုင်ပါသည်။

ထိရောက်မှု ရှိ မရှိ သုံးသပ်ကြည့်ကြပါစို့။

*၁၉၉၂ ခုနှစ်က လူတစ်ယောက် နေ့စဉ်ဆီစားသုံးမှု ၀ ဒသမ ၅၄ ကျပ်သား ၊

* ၁၉၉၅ ခုနှစ်မှာ လူတစ်ယောက် နေ့စဉ်ဆီစားသုံးမှု ၁ ဒသမ ၇၂ ကျပ်သား ၊

* ၁၈-၁၀-၂၂ တွေ့ရှိချက်ကို မှန်းဆတွက်ချက်ကြည့်လျှင် လူတစ်ယောက်တစ်နေ့ဆီစားသုံးနှုန်းမှာ နှစ်ကျပ်ခွဲသားမှ သုံးကျပ်သားအထိ ရှိလာပါသည်။

ပညာပေးလေ ဆီစားသုံးမှု တိုးလေဖြစ်ပြီး ၁၉၉၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ငါးဆ ခြောက်ဆမျှပို၍ စားသုံးလာကြကြောင်း တွေ့နိုင်ပါသည်။ ဆီစားသုံးမှု များလာခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုရလဒ်များ (Health Impact) ကိုမူ သူသူငါငါ ရေးပြလျက်ရှိပါသည်။ စားသုံးသူတွေ ဘာ့ကြောင့်မလိုက်နာကြပါသလဲဆိုသည်ကို လေ့လာသုံးသပ်၍ ပိုမိုထိရောက်သည့်နည်းများကို ရှာဖွေကျင့်သုံးဖို့ လိုနေပြီဖြစ်ပါသည်။

လိုရင်းတိုရှင်း တင်ပြလိုပါသည်။

“ဆီဝင်လျှင် ငွေထွက်မည်” ဟူ၍ပင်။

ယခု ၂၀၂၀-၂၀၂၁ မှာ ဆီဝင်ဖို့အတွက် ငွေထွက်မှုများမှာ ဒေါ်လာသန်းပေါင်း ၈၃၀ ကျော် ရှိပါသည်။ နိုင်ငံအနေဖြင့် ဤမျှငွေထွက်သွားသည်ထက်ပို၍ မိသားစုတိုင်း၏ အိတ်ကပ်ထဲမှ ငွေများ ထွက်ကုန်ပါသည်။ ဆီလက်ကားရောင်းချသူများက ၂ ရာခိုင်နှုန်းမျှသာ အမြတ်ယူသည်ဆိုလျှင်ပင် ဒေါ်လာသန်း ၂၀ မျှ ရှိပါမည်။ လက်လီရောင်းသူတွေက ထပ်ပြီးဝန်ဆောင်ခ အကျိုးအမြတ် ယူသောအခါ တွင် စားသုံးသူတို့ သုံးစွဲလိုက်ရသော ငွေကြေးသည် ဆီဖိုးတစ်ခုတည်းအတွက်ပင် မနည်းလှပေ။

## ဆီထွက်လျှင် ငွေဝင်မည်

ပြောင်းပြန်စဉ်းစားကာ ကောင်းသည့်ဘက်ကတွက်ပါမည်။ “ဆီထွက်လျှင် ငွေဝင်မည်”ဟူ၍။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ စိုက်ပျိုးဧကရှစ်သန်းရှိပါသည်။ ပြည်တွင်းဆီထွက်တန်ချိန် လေးသိန်းမျှရှိပါသည်။ လူထုစားသုံးမှုက ဆီတန်ချိန်ခြောက်သိန်းမျှရှိပြီး နောက်ထပ် တန်ချိန်ငါးသိန်းခန့်မှာ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများက သုံးစွဲနေကြကြောင်း သိရပါ၏။

ကျန်းမာရေးအတွက်သာမက ဈေးကွက်ထဲမှာပါ တန်ဖိုးကြီးသော ဆီများ မြန်မာနိုင်ငံမှ ထွက်ပါသည်။ မြန်မာနိုင်ငံထွက် နှမ်းနက်များကို ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများက ကြိုက်၏။ နှမ်းဖြူ၊ ညို၊ နက် ရောင်စုံများကို တရုတ်က သိမ်းဝယ်၏။ အင်္ဂလိပ်၊ ဂျာမနီ၊ နယ်သာလန်၊ ပိုလန်မှ စ၍ ဂရိနိုင်ငံအထိ မြန်မာ့နှမ်းဆီ ဈေးကွက်ရှိ၏။ ယုတ်စွအဆုံး မြန်မာနိုင်ငံထဲ ပြန်ဝင်လာသော ဂျပန်နှမ်းဆီပုလင်းကလေးများကို ဈေးကြီးပေး၍ ပြန်လည်စားသုံးနေကြရလေသည်။

သို့သော် မြန်မာ့နှမ်း၊ ပဲ စသည့် ထွက်ကုန်များမှာ ကုန်ကြမ်းအဖြစ်သာ မျက်နှာငယ်ငယ်နှင့် ဝယ်သူအကြိုက်ရောင်းနေကြရ၏။ တန်ဖိုးမြင့်ထွက်ကုန်အဖြစ်ရောင်းချရန် ကြိုးစားနေကြသော်လည်း နည်းပညာနှင့် အရင်းအနှီးပံ့ပိုးမှုများစွာ လိုအပ်နေပါသေး၏။ စိုက်ပျိုးထွက်ရှိသည့်နေရာမှ စားသုံးသူ ပါးစပ်ထဲအရောက် ကွင်းဆက်မပြတ် စံချိန်မီဖို့၊ ကျန်းမာရေးနှင့်ညီဖို့ လုပ်ငန်းတွေ များစွာရှိနေရာ ပဲ၊ နှမ်း၊ ပြောင်း စသည့် သီးနှံစိုက် တောင်သူများကစ၍ ဉာဏ်အမြော်အမြင်ရှိရှိ၊ သိပ္ပံနည်းသိသိ၊ ရောင်းသူဈေးကွက်ဖြစ်အောင် လုပ်ရာတွင် အားစိုက်ထည့်ဖို့ နောက်မကျသေးပေ။

ယခု ကျွန်တော်တို့ တိုင်းပြည်မှာ စားသုံးဆီမလောက်ငှပါ။ သို့ဖြစ်၍ ဈေးချိုသော စားအုန်းဆီများကို လှည့်လည်ဝယ်ယူနေရလေသည်။ အဓိကဆီရောင်းပေးသော မလေးရှားနိုင်ငံသာမက ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများကလည်း ဆီအုန်းများကို အကြီးအကျယ် စိုက်ပျိုးကြပြီး ကမ္ဘာ့စားသုံးဆီ (Palm Oil) ဈေးကွက်ကို လွှမ်းမိုးထားကြလေသည်။

ထိုင်းနိုင်ငံတောင်ပိုင်းမှသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ရောက်ခါနီးအထိ ဆီအုန်းတောကြီးများကို လေယာဉ်ပေါ်မှ မြင်နိုင်ပါသည်။ သို့ရာတွင် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံရှိ ဆီအုန်းတောများမှာ အိုမင်းသွားပြီ ဖြစ်ပါသည်။ တိုးချဲ့စိုက်ပျိုးရန် မြေလည်း မရှိတော့ချေ။ ဆီအုန်းထွက်နှုန်းသာမက အရည်အသွေးပါ ကျဆင်းနေသည့် ပြဿနာကို ဖြေရှင်းနေကြရ၏။ တစ်ပြိုင်တည်းတွင် ဆီအုန်းကို တန်ဖိုးမြှင့် ထွက်ကုန်ဖြစ်လာ၍ နည်းလမ်း အမျိုးမျိုးဖြင့် ကမ္ဘာ့ဈေးကွက်ထဲမှာ ထိန်း၍ထားကြ၏။

## ဆီအိုးဖြစ်နိုင်စွမ်း

မြန်မာနိုင်ငံတွင်လည်း ဆီအုန်းစိုက်ပျိုးမှုတွေ လုပ်ခဲ့၏။ သဘာဝတောရိုင်းကြီးတွေကို ခုတ်ထွင်ရှင်းလင်းပြီး ဆီအုန်းခြံတွေ ထူထောင်ခဲ့ကြသော်လည်း တိုင်းပြည်၏ ဆီလိုအပ်ချက်အတွက် မည်မျှဖြည့်ဆည်းနိုင်သည်ကို မသိရှိရသေးပါ။ စားသုံးရန်သင့်သည့် ဆီအုန်းများ ထုတ်နိုင်ရန်အတွက် ဆီစက်များသည် ဆီအုန်းခြံနှင့်နီးမှသာ (Virgin Oil) ကို ထုတ်ယူနိုင်မည်ဖြစ်ပြီး ဆီအုန်းခိုင်များကို ခုတ်ပြီး ခရီးလမ်းတွင် ကြာမြင့်သွားပါက ဆီအုန်းအရည်အသွေး ကျဆင်းသွားတတ်ကြောင်း သိရ၏။

မည်သို့ဆိုစေ ကျွန်တော်တို့မှာ “ဆီအိုး” ဖြစ်နိုင်စွမ်းရှိနေသည်မှာ စိတ်ကူးယဉ်မဟုတ်ချေ။ တန်ဖိုးမြှင့်၍ ရောင်းချနိုင်သော နှမ်းဆီ၊ မြေပဲဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဆီ၊ နေကြာဆီကအစ မြန်မာပြည်မှာ ထုတ်လုပ်ရောင်းချနိုင်၏။ ဈေးသက်သက်သာသာနှင့် ဝယ်စားနိုင်သော ဆီအုန်းများကိုလည်း တောမပျက် တောင်မပျက် ဆက်လက်တိုးမြှင့် ထုတ်ယူနိုင်ရန် စီမံနိုင်၏။ သံလွင်ဆီ၊ ထောပတ်သီးဆီမှစ၍ အမည်သစ်များ ထုတ်လုပ်ရန်ကြံဆနိုင်၏။

ဆီထွက်သည်နှင့်အမျှ ငွေဝင်မှာ သေချာ၏။

တစ်ဖက်ကလည်း ငွေအထွက်နည်းရန် ဆီသုံးချွေတာဖို့ လိုလာသည်။

ဆီအစားလွန်သောကြောင့် ဖြစ်လာနိုင်သော ရောဂါပြဿနာများကို ကျက်မှတ်ရွတ်ဆိုနေရုံနှင့် မလုံလောက်ဘဲ လက်တွေ့ကျကျ အလုပ်လုပ်ကြဖို့ အချိန်ပင်။

“ဆီနှင့်ငွေ အတူမနေကြောင်း” သေသေချာချာ သဘောပေါက်ဖို့တော့ လိုလာသည်။ မသုံးနိုင်သူနှင့် ဖြုန်းနိုင်သူတို့ ညှိကြဖို့လည်း လိုပါသည်။ ။

# အောက်တိုဘာ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၀၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၆၄၄ ဦးရှိ

### (၂၉-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ မှ (၂၉-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၂၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၀၅) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၄၇) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၃၀,၉၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၈,၆၀၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၀၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၄,၉၅၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦးရှိသဖြင့်** ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၆၄၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၆၅)ခု | (၁၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၃)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၈၇၂)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၇)ခု | (၃၆)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆၂)ခု | (၂၇)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၂)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၄၉)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၇၀)ခု | (၇၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၃၈)ခု | (၅၉၈)ဦး |
| **စုစုပေါင်း** | ၂၀,၂၄၈ ခု | ၉၀၅ ဦး |

- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှု မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များ ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မိန်းကလေးနှစ်ဦးကို လိမ်လည်ခေါ်ဆောင်၍ လူကုန်ကူးမှုကျူးလွန်သူများအား ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၉

**မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၆)ရပ်ကွက်နေ မ xxxx (၁၇ နှစ်)ကို ၎င်းနှင့် ရည်ငံ နေသူ အမှတ်(၃၉၄) ထီးလင်းလမ်း (၁၀)ရပ်ကွက် လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ စည်သူ(ခ)မောင်စည် (တိမ်းရှောင်)နှင့် ၎င်း၏မွေးစားမိခင်ဖြစ်သူ ဒေါ်ချိုကြီး(ခ)မသွယ်သွယ်လင်းတို့နှစ်ဦးက တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားထံ ရောင်းစားခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ)၄၅၃၂/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် တရားခံ ဒေါ်ချိုကြီး(ခ) မသွယ်သွယ်လင်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန်နှင့် တိမ်းရှောင် တရားခံအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်နေ မ xxxx (၁၇ နှစ်)ကို နေအိမ် နှင့် မျက်နှာချင်းဆိုင်နေ မချစ်စု(ခ)ချစ်စုမ (၁၉ နှစ်) (ဘ)ဦးစန်းလွင်နှင့် ၎င်း၏ အဒေါ်ဖြစ်သူ ဒေါ်အေးမော် (၄၅ နှစ်) (ဘ)ဦးအောင်ကြင် အမှတ်(၄၈) အောင်ဇေယျလမ်း သဃ်န်းကျွန်းမြို့ နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့က အိမ်အကူလုပ်ငန်းလုပ်ကိုင် လိုပါက လိုက်ခဲ့ရန် ပြောဆိုခေါ်ဆောင်သွားပြီး အမျိုးသားတစ်ဦးထံတွင် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေခဲ့သဖြင့် လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်း (ပ)၄၇၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် တရားခံ မချစ်စု(ခ)ချစ်စုမနှင့် ဒေါ်အေးမော်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




*❊ ကျောဖုံးမှ*

ဒေသကြီး မော်လမြိုင်ကျွန်းမြို့၊ ဖျာပုံမြို့နှင့် ဘိုကလေးမြို့၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၊ ဘုရားကြီးမြို့နှင့် ကရင်ပြည်နယ် သံတောင်ကြီး မြို့တို့၌ အသီးသီးပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီအရေခြုံကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG ၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG ၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါဆိုင်းဘုတ်များကိုင်ဆောင် ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၉ –** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# အီရန်နျူကလီးယားအရေး ဥရောပခေါင်းဆောင်များနှင့် အမေရိကန်သမ္မတ ဆွေးနွေးသွားမည်

ဝါရှင်တန် အောက်တိုဘာ ၂၉

**အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် အီရန်နျူကလီးယားအရေးကို ဥရောပခေါင်းဆောင်များနှင့်အတူ အီတလီနိုင်ငံ ရောမမြို့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဟု အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ ဂျိတ်ဆူလေဗန်က ပြောသည်။**

အမေရိကန်သမ္မတ ဘိုင်ဒင်သည် ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ အီရန်နျူကလီးယား သဘောတူညီမှုနှင့် ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုမှ ပြန်လည်စတင်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံမှ အရာရှိများသည် ယခုနှစ် ဧပြီလအတွင်း ဗီယင်နာမြို့တွင် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီမှုနှင့် ပတ်သက်ပြီး သွယ်ဝိုက်သော ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲ ခြောက်ကြိမ် ပြုလုပ်ခဲ့သော်လည်း သဘောထား မတိုက်ဆိုင်မှုများ ရှိနေဆဲဖြစ်သည်။

အီရန်အစိုးရ အကူးအပြောင်းကြောင့် သွယ်ဝိုက်သော ဆွေးနွေးပွဲများ ရပ်နားထားခဲ့ရသည်။

နျူကလီးယား သဘောတူညီမှုအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် အမြဲတမ်း လမ်းဖွင့်ပေးထားမည်မဟုတ်ဟု အီရန်နိုင်ငံအပေါ် ဖိအားပေးသည့်အနေဖြင့် ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

သံတမန်နည်းအရ ကျရှုံးခဲ့လျှင် အခြားသော ရွေးချယ်မှုဘက်သို့ ပြောင်းလဲသွားမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။



ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# ကွန်ဂိုနှင့် အစ္စရေး သံတမန်ဆက်ဆံရေး စတင်မည်

**ဂျေရုဆလင် အောက်တိုဘာ ၂၉**

ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် အစ္စရေးနိုင်ငံတွင် သံတမန်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ်ထားရှိသွားမည်ဟု သိရသည်။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတဖိလစ်ရှီဆက်ကီဒီသည် အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တလီဘန်းနက်နှင့် အောက်တိုဘာ ၂၈ ရက်တွင် ဂျေရုဆလင်မြို့၌ အစည်းအဝေးပြုလုပ်ခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

ဂျေရုဆလင်မြို့တွင် ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ သံတမန်နှင့်ကုန်သွယ်မှု ကိုယ်စားလှယ်ရုံး ဖွင့်လှစ်သွားမည်ဟု ဖိလစ်ရှီဆက်ကီဒီက ပြောသည်။

မစ္စတာ ဘန်းနက်ကလည်း အစ္စရေးနိုင်ငံနှင့် နက်ရှိုင်းသည့် ဆက်ဆံရေးအတွက် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တလီဘန်းနက်နှင့် ကွန်ဂိုသမ္မတ ဖိလစ်ရှီဆက်ကီဒီ (ဝဲ)တို့ အောက်တိုဘာ ၂၈ ရက်က တွေ့ဆုံကြစဉ်။

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးပေးရန် နိုဝင်ဘာလအတွင်း ဆုံးဖြတ်သွားမည်

**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနသည် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တတိယအကြိမ်ထိုးပေးရန်အတွက် နိုဝင်ဘာ ၁၀ ရက်တွင် တရားဝင်ဆုံးဖြတ်ချက်ချမှတ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများ တတိယအကြိမ်ထိုးရန် ခွင့်ပြုချက်ပေးသွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူအဖွဲ့က အောက်တိုဘာ ၂၈ ရက်တွင် သဘောတူခဲ့သည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသည်မှာ ရှစ်လကြာမြင့်ပြီဖြစ်သောသူများကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ဝန်ကြီးဌာနက စီစဉ်ထားသည်။

ဒီဇင်ဘာလအတွင်း ကျန်းမာရေးဝန်ထမ်းများကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးသွားရန် အစီအစဉ်ရှိသည်။

နှစ်ကြိမ်ကာကွယ်ဆေး ထိုးပြီးသူများကို တူညီသည့် ကာကွယ်ဆေးအမျိုးအစားဖြင့်ပင် တတိယအကြိမ် ထိုးပေးသွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ နှေးကွေးသွား

**နယူးယောက် အောက်တိုဘာ ၂၉**

အမေရိကန်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ကပ်ရောဂါမှ ပြန်လည်နာလန်ထူသည့်အချိန်မှ စတင်ကာအနှေးကွေးဆုံးနှုန်းဖြင့် သွားနေသည်ကို ပြသလျက်ရှိသည်။ ပြည်တွင်းအသားတင်ထုတ်ကုန်မှာ တတိယသုံးလပတ်ကာလတွင် နှစ်ရာခိုင်နှုန်းသာတိုးတက်လာသည်ဟု အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနက ပြောသည်။

ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများသည် ပထမနှစ်ဝက်ကာလတွင် သုံးစွဲမှုများရှိခဲ့သည်။ အစိုးရက အပိုဝင်ငွေများပေးခြင်းဖြင့် ၎င်းတို့သုံးစွဲနိုင်ရေးအတွက် လှုံ့ဆော်ပေးနိုင်ခဲ့သည်။

ပထမနှစ်ဝက်ကာလအတွင်း တိုင်းပြည်၏ အသားတင်ထုတ်ကုန်မှာ ခြောက်ရာခိုင်နှုန်းကို ကျော်လွန်ခဲ့သည်။

စီးပွားရေးလုပ်ငန်းအများစုမှာ ဝယ်သူများ၏ လိုလားချက်အတိုင်း လုပ်ဆောင်နိုင်ရန် အလုပ်သမားအင်အား လုံလောက်မှုမရှိပေ။ ကုန်ပစ္စည်း ပြတ်တောက်မှုများကြောင့်လည်း ဈေးနှုန်းများ မြင့်မားခဲ့သည်။

ဗီဇပြောင်းဒယ်လ်တာ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများကြောင့်လည်း ခရီးသွားလာမှု၊ စားသောက်ဆိုင်များတွင် စားသောက်မှုနှင့် အခြားသော လှုပ်ရှားမှုများတွင် အရှိန်တန့်သွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၃၇၇ ဦး တွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၉**

မလေးရှားနိုင်ငံ၌ အောက်တိုဘာ ၂၈ ရက်ညပိုင်းက ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၃၇၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၄၅၄၇၄၉ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပမှ ကူးစက်လာသူ ၃၂ ဦးရှိပြီး ပြည်တွင်းကူးစက်ခံရသူ ၆၃၄၅ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ် ၉၅ ဦးသေဆုံးခဲ့ရာ သေဆုံးသူစုစုပေါင်းမှာလည်း ၂၈၇၆၉ ဦးရှိလာသည်။

ပြန်လည်ကျန်းမာလာပြီးနောက် ဆေးရုံမှဆင်းသွားသူအရေအတွက်မှာ ၂၃၅၄၆၂၂ ဦးရှိသည်။ လက်ရှိ ရောဂါခံစားနေရသူအရေအတွက်မှာ ၇၁၃၅၈ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၅၆၄ ဦးရှိသည်။

**ဆင်ဟွာ**

# Facebook ကုမ္ပဏီနာမည်ကို Meta ဟုပြောင်းလိုက်ကြောင်း မာ့ခ်ဇူကာဘတ် ကြေညာ

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၂၉**

**Facebook အမှုဆောင်အရာရှိချုပ် (စီအီးအို) မာ့ခ်ဇူကာဘတ်သည် အောက်တိုဘာ ၂၈ ရက်က Facebook ကုမ္ပဏီနာမည်ကို Meta ဟုပြောင်းလိုက်ကြောင်း ကြေညာလိုက်သည်။**




Facebook စီအီးအို မာ့ခ်ဇူကာဘတ်။

မိမိတို့ မည်သူမည်ဝါဖြစ်ကြောင်း ထင်ဟပ်စေရန်နှင့် မိမိတို့တည်ဆောက်မည့်အနာဂတ်ကို ပုံရိပ်ထင်စေမည်ဖြစ်ကြောင်း၊ အခုတော့ မိမိတို့၏ကုမ္ပဏီသည် Meta ဖြစ်သွားပြီဟု ဂုဏ်ယူစွာဖြင့် မျှဝေလိုက်ကြောင်း ဇူကာဘတ်က ပြောသည်။

**လူမှုဘဝထဲဆောင်ကြဉ်းလာ**

Meta ၏ ဦးတည်ရာပန်းတိုင်သည် Metaverse ကိုလူမှုဘဝထဲ ဆောင်ကြဉ်းလာရန်နှင့် ပြည်သူတွေကို တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုများလုပ်ဆောင်နိုင်ရန်၊ လူမှုအသိုက်အဝန်းများအလိုက် တူရာအုပ်စုများကို ရှာဖွေနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုကြီးထွားလာစေရန်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**လူမှုအတွေ့အကြုံများပေါင်းစပ်ထား**

Metaverse ကို ယနေ့အွန်လိုင်း လူမှုရေးအတွေ့အကြုံများ ပေါင်းစပ်ထားသကဲ့သို့ ခံစားအသုံးပြုနိုင်မည်ဖြစ်ပြီး တစ်ခါတစ်ရံတွင် သုံးဖက်မြင် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာကမ္ဘာကြီးဆီသို့ ရောက်သွားသလို ခံစားအသုံးပြုနိုင်ရန် ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။

မိမိတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး အတူတကွမရှိချိန်တွင် များပြားလှသော အတွေ့အကြုံများကို ဝေမျှနိုင်မည်ဖြစ်သည်။ ထို့အပြင် လက်တွေ့ဘဝတွင် လုပ်နိုင်ရန်မသေချာသည့် ကိစ္စရပ်များကိုလည်း အတူတကွ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

**သမိုင်းတစ်ခေတ်ဆန်းသစ်**

လူမှုရေးဆိုင်ရာ နည်းပညာတိုးတက်ပြောင်းလဲမှုဖြစ်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် သမိုင်းတစ်ခေတ်ဆန်းသစ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အခုမှစပြီး Metaverse သည်ပထမ၊ Facebook သည် မဟုတ်တော့ကြောင်း၊ ဆိုလိုသည်မှာ မိမိတို့၏ တခြားဝန်ဆောင်မှုများကို အသုံးပြုရာတွင် Facebook အကောင့် လိုအပ်တော့မည်မဟုတ်ကြောင်း ဇူကာဘတ်က ပြောသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူ ၇၃ ဒသမ ၂ ရာခိုင်နှုန်းရှိ

**ဆိုးလ် အောက်တိုဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာ ၂၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၁၂၄ ဦး တိုးလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၀၅၃၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ရက်ကထက် ၂၁၁၁ ဦး တိုးလာခဲ့သည်။ ဇူလိုင် ၇ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ အထက်ရှိခဲ့သည်မှာ ရက်ပေါင်း ၁၁၅ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၇၆၉ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၇၅၃ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၁၃၀ မှာ အင်ချွန်မှ ဖြစ်သည်။

မြို့တော်မဟုတ်သည့်နေရာဒေသများတွင်လည်း ကိုဗစ်-၁၉ ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားသူ ၄၄၂ ဦး သို့မဟုတ် ၂၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

ကိုဗစ်-၁၉ ကြောင့် ၉ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၂၈၁၇ ဦးအထိ ရောက်ရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

အပြည့်အဝနာလန်ထူလာပြီးနောက် သတ်မှတ်စောင့်ကြည့်စင်တာမှ ဆင်းလာသူ ၂၁၄၂ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၃၃၂၉၉၅ ဦးအထိ ရှိလာပြီဖြစ်သည်။ စုစုပေါင်း ပြန်လည်ကျန်းမာနာလန်ထူလာသူနှုန်းမှာ ၉၂ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် လူပေါင်း ၄၁၀၃၅၈၉၇ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၇၉ ဒသမ ၉ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၃၇၅၉၃၄၆၂ ဦး သို့မဟုတ် ၇၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

**ဆင်ဟွာ**




တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်းလမ်းတစ်နေရာတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄ သန်းကျော်လွန်

**နယူးဒေလီ အောက်တိုဘာ ၂၉**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၃၄၈ ဦး ရှိလာသောကြောင့် အောက်တိုဘာ ၂၉ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၂၄၆၁၅၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၈၀၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၅၇၁၉၁ ဦးအထိ ရောက်ရှိလာခဲ့သည်။ နေ့စဉ်သေဆုံးသူဦးရေမှာ လွန်ခဲ့သော နှစ်ရက်၊ သုံးရက်အတွင်း မြင့်တက်လာခဲ့သည်။

သေဆုံးသူများအနက် ၇၀၈ ဦးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှဖြစ်ပြီး အဆိုပါပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု အများဆုံးဖြစ်သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၆၁၃၃၄ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၅ ဦးအထိ လျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှဆင်းလာသူ စုစုပေါင်း ၃၃၆၂၇၆၃၂ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၃၁၉၈ ဦး ရှိသည်။

**ဆင်ဟွာ**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်ကျဆင်း

**မနီလာ အောက်တိုဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၂၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၄၃ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၇၉၉၄၃ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၄၄ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၂၆၂၁ ဦးအထိ ရှိလာခဲ့သည်။

စက်တင်ဘာလက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့သော ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ခဲ့ပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်ကျဆင်းလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၁၁ ရက်သည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ခဲ့ပြီး စုစုပေါင်း ကူးစက်ဖြစ်ပွားသူ ၂၆၃၀၃ ဦး ရှိခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၇၉ သန်းကျော်လွန်

**ဟန်နွိုင်း အောက်တိုဘာ ၂၉**

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၈၉၉ ဦး ရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၁၀ ဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၄၈၈၉ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၁၀၃၇၆ ဦးအထိရှိလာပြီး ၂၁၉၆၆ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ် - ၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၉၇၇ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၆၉၇ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၆၉၇ ဦးတို့အသီးသီးဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၈၁၆၁၃၂ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၇၉ သန်း ကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# ၂၀၂၀ ပြည့်နှစ်တွင် စံချိန်တင်အပူဆုံးနှစ်အဖြစ် ကြုံတွေ့ခဲ့ရသည့် အာရှတိုက်

နှင်းမိုးအိမ်

**အာရှတိုက်သည် ၂၀၂၀ ပြည့်နှစ်တွင် အပူဆုံးနှစ်အဖြစ် အပူဒဏ်ခံစားခဲ့ရကြောင်း ကုလသမဂ္ဂက အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်သော ရာသီဥတုဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ COP26 ထိပ်သီးညီလာခံ မကျင်းပမီ ကုလသမဂ္ဂက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။**

### အဟန့်အတားဖြစ်စေခဲ့

အပူဒဏ်ပြင်းထန်မှုသည် အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ အာရှရာသီဥတုဖော်ပြချက်သည် နှစ်စဉ်ဖော်ပြနေကျ ရာသီဥတုဆိုင်ရာ အစီရင်ခံစာဖြစ်ပြီး အာရှတိုက်အစိတ်အပိုင်းအနှံ့တွင် အပူဒဏ်ကို ခံစားခဲ့ရသည်ဟု ကုလသမဂ္ဂ မိုးလေဝသအဖွဲ့အစည်းက ပြောသည်။ ၂၀၂၀ ပြည့်နှစ် အာရှတစ်လွှား ပူပြင်းသည့် ရာသီဥတုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။

### ငြိမ်းခြောက်ခံနေရ

လူပေါင်းသန်းနှင့်ချီ၍ နေရပ်ရွှေ့ပြောင်းမှုများဖြစ်ပေါ်ခဲ့ပြီး ဒေါ်လာဘီလီယံနှင့်ချီ၍ ကုန်ကျခဲ့ရသည်။ အခြေခံအဆောက်အအုံနှင့် ဂေဟစနစ်ကို အကြီးအကျယ် ထိခိုက်စေခဲ့သည်ဟု ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်းက ပြောသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှာ ခြိမ်းခြောက်ခံနေရသည်။ အစားအသောက်နှင့် ရေမလုံလောက်မှုများ၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများလည်း မြင့်မားလာသည်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ သွားလာလှုပ်ရှားနေကြသူများ။

> ❑ **အပူဒဏ်ပြင်းထန်မှုသည် အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ အာရှရာသီဥတုဖော်ပြချက်သည် နှစ်စဉ်ဖော်ပြနေကျ ရာသီဥတုဆိုင်ရာ အစီရင်ခံစာဖြစ်ပြီး အာရှတိုက် အစိတ်အပိုင်းအနှံ့တွင် အပူဒဏ်ကို ခံစားခဲ့ရသည်ဟု ကုလသမဂ္ဂမိုးလေဝသအဖွဲ့အစည်းက ပြောသည်။ ၂၀၂၀ ပြည့်နှစ် အာရှတစ်လွှား ပူပြင်းသည့် ရာသီဥတုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရ**

### ဆုံးရှုံးမှုများကိုတွက်ချက်ပြထား

ဂလက်စကိုမြို့တွင် ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုညီလာခံကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်းအစည်းအဝေးမတိုင်မီ ယခုလို အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရာသီဥတုနှင့်ဆက်နွယ်သည့်ဘေးအန္တရာယ်များကြောင့် နှစ်စဉ်ဆုံးရှုံးမှုများကို တွက်ချက်ပြထားသည်။ တရုတ်နိုင်ငံသည် ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၂၃၈ ဘီလီယံ ထိခိုက်ခံစားခဲ့ရပြီး ယင်းနောက်တွင် အိန္ဒိယနိုင်ငံက ၈၇ ဘီလီယံ၊ ဂျပန်နိုင်ငံက ၈၃ ဘီလီယံနှင့် တောင်ကိုရီးယားက ၂၄ ဘီလီယံ ထိခိုက်ခံစားခဲ့ရသည်။

### အလုပ်ချိန်ဆုံးရှုံးမှုများဖြစ်ပေါ်

နိုင်ငံစီးပွားရေး အရွယ်အစားမှာလည်း ထည့်သွင်းစဉ်းစားရသည့် အချက်ပင်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှဆုံးရှုံးမှုမှာ တာဂျစ်ကစ္စတန်တွင် တိုင်းပြည်ဂျီဒီပီ၏ ၇ ဒသမ ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားတွင် ဂျီဒီပီ၏ ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် လာအိုတွင် ဂျီဒီပီ၏ ၅ ဒသမ ၈ ရာခိုင်နှုန်း ဆုံးရှုံးမှုရှိသည်။

အာရှတိုက်တစ်လွှား အပူနှင့်စိုထိုင်းဆများလာသည့်အခါ အိမ်အပြင်ထွက်၍ လုပ်ကိုင်ရသည့် အလုပ်ချိန်များ ဆုံးရှုံးမှုဖြစ်ပေါ်လာမည်ဟု ခန့်မှန်းထားသည်။ ဒေါ်လာဘီလီယံနှင့်ချီ၍ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

### ထင်ရှားသည့်အကျိုးဆက်များဖြစ်

ရေကြီးမှု၊ မုန်တိုင်းနှင့် မိုးခေါင်မှုတို့ကဲ့သို့ သဘာဝဘေးအန္တရာယ်များကို နိုင်ငံအများအပြားတွင်ကြုံတွေ့လာရခြင်းမှာ သိသာထင်ရှားသည့် အကျိုးဆက်များဖြစ်သည်ဟု ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ ပက်တရီတာလက်စ်က ပြောသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များကြောင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို သိသာထင်ရှားစွာထိခိုက်မှုဖြစ်စေသည်။ အာရှတွင် ရာသီဥတုနှင့် ဆက်နွယ်ကာ ရွှေ့ပြောင်း နေထိုင်ကြရမှုများမှာလည်း ကာလရှည်ကြာနေပြီဖြစ်သည်။ လူများနေရပ်မပြန်နိုင်မှုများမှာလည်း ကာလရှည်ကြာဖြစ်ပွားနေသည့်ကိစ္စဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

### ကြိုတင်သတိပေးမှုစနစ်၏ အောင်မြင်မှု

၂၀၂၀ ပြည့်နှစ်တွင် ရေကြီးမှုနှင့် မုန်တိုင်းများကြောင့် လူပေါင်း သန်း ၅၀ မှာ ထိခိုက်ခံစားရပြီး လူပေါင်း ၅၀၀၀ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါအရေအတွက်မှာ ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုစာကာလအတွင်း ထိခိုက်ခံစားရမှုများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းသည်။ အာရှနိုင်ငံအများအပြားရှိ ကြိုတင်သတိပေးမှုစနစ်၏ အောင်မြင်မှုပင် ဖြစ်သည်။ လူ ၁၀ ဦးလျှင် ခုနစ်ဦးကို အကာအကွယ်ပေးနိုင်ခဲ့သည်။

### သုံးဆပို၍ ပူနွေး

၂၀၂၀ ပြည့်နှစ်တွင် ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ အိန္ဒိယ၊ ပစိဖိတ်နှင့် အာတိတ်သမုဒ္ဒရာတို့တွင် စံချိန်တင်မြင့်မားနေသည်။ အာရှတိုက်ဝန်းကျင်တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် သမုဒ္ဒရာ ပူနွေးမှုတို့သည် တစ်ကမ္ဘာလုံးပျမ်းမျှပမာဏနှင့် နှိုင်းယှဉ်လျှင် များပြားနေသည်။ အာတိတ်သမုဒ္ဒရာ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အာရေဗီယန် ပင်လယ်ပြင် ပျမ်းမျှအပူချိန်ထက် သုံးဆ ပို၍ပူနွေးနေသည်။ ၁၉၇၉ ခုနှစ်မှစတင်၍ ကောက်ယူလာသည့် ဂြိုဟ်တုမှတ်တမ်းများအရ အာတိတ်ပင်လယ်ရေခဲပြင် အနိမ့်ဆုံး အတိုင်းအတာမှာ ၂၀၂၀ ပြည့်နှစ်တွင် ဒုတိယအနိမ့်ဆုံးပင်ဖြစ်သည်။

### အန္တရာယ်များပြားခဲ့

၂၀၂၁ ခုနှစ်တွင်လည်း အပူချိန်မြင့်မားမှုကြောင့် အပြင်ထွက်အလုပ်လုပ်ကိုင်ရသည့် ကာယလုပ်သားများနှင့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များတွင် အန္တရာယ်များပြားခဲ့သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းက စင်ကာပူနိုင်ငံသည် ၁၄ ရက်ကြာ အပူချိန်မြင့်မားမှုနှင့် ကြုံတွေ့ရသည်။ အပူချိန်မှာ ၃၄ ဒီဂရီ ဆဲလ်စီးရပ်စ်ရှိသည်။ ကျွန်း၏တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် အပူချိန်မြင့်မားသည့် ညတာများနှင့် ကြုံတွေ့ခဲ့ရသည်။ အနိမ့်ဆုံး အပူချိန်မှာ ၂၈ ဒီဂရီဆဲလ်စီးရပ်စ်ရှိသည်။

### အခက်ခဲဆုံးအလုပ်

ထိုအချိန်အခက်ခဲဆုံးအလုပ်မှာ နေပူထဲတွင် ထွက်ကာ အလုပ်လုပ်ကိုင်ရခြင်းပင် ဖြစ်သည်။ နေအပူချိန်အောက်တွင် အလုပ်လုပ်ကိုင်လျှင် လွန်စွာမောပန်းခြင်းကို ခံစားရမည်ဖြစ်ပြီး ကိုယ်ခန္ဓာမှာလည်း ချွေးများဖြင့် ဖုံးလွှမ်းနေမည်ဖြစ်သည်။ မျက်စိနာကျင်မှုများဖြစ်ပေါ်မည်ဟု မြေယာပြုပြင်ရေး လုပ်သားတစ်ဦးက ပြောသည်။

### သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်

ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုနှုန်းမှာလည်း ၂၀၂၀ ပြည့်နှစ်တွင် စံချိန်တင်မြင့်မားခဲ့သည်ဟု ကုလသမဂ္ဂ ရာသီဥတုအေဂျင်စီ၏ လေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။ အကယ်၍ ကမ္ဘာကြီးဆက်လက်ပူနွေးနေပါက မိုးခေါင်မှုနှင့် ရေကြီးမှုတို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချနိုင်ရေး ကာလရှည်စီမံချက်များဖြင့် ပြုလုပ်သင့်သည်ဟုလည်း ပြောကြားခဲ့သည်။ ။

**ကိုးကား – အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်– ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၂၅–၁၀–၂၀၂၁ ရက်နေ့မှ ၂၉–၁၀–၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် **၁ ဒသမ ၄၆၀ သန်း** ဖြစ်ပါသည်။ ၂၉–၁၀–၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**ကိုဗစ်– ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၂–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂၆,၂၇၈,၇၆၅,၁၄၂.၅၃ |
| (+) ၂၅–၁၀–၂၀၂၁ မှ ၂၉–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁,၄၆၀,၀၀၀.၀၀ |
| ၂၉–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂၆,၂၈၀,၂၂၅,၁၄၂.၅၃ |

**ကိုဗစ်– ၁၉ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၂–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၇,၁၆၂,၃၄၉.၅၃ |
| (+) ၂၅–၁၀–၂၀၂၁ မှ ၂၉–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (–) ၂၇–၁၀–၂၀၂၁ ရက်နေ့တွင် တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီသို့ နောက်ဆုံးအရစ် ပေးချေငွေ | ၂၆,၂၀၀,၀၀၀.၀၀ |
| ၂၉–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၉၆၂,၃၄၉.၅၃ |

**ကိုဗစ်– ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၂၅–၁၀–၂၀၂၁ ရက်နေ့မှ ၂၉–၁၀–၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၅-၁၀-၂၀၂၁ | ၃၀၀,၀၀၀ |
| ၁ | ဦးသောင်း+ဒေါ်ခင်ညွန့် မေသွားဆေးခန်း (မန္တလေးမြို့) | ၂၀၀,၀၀၀ |
| ၂ | မိဘများအားအမှူးထား၍ ဒေါ်အေးသီတာကျော် မိသားစု (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| | | |
| | ၂၆-၁၀-၂၀၂၁ | ၂၀၀,၀၀၀ |
| ၁ | ဦးအောင်သောင်း+ဒေါ်ခင်ဝင်း (ဒလမြို့နယ်) | ၁၀၀,၀၀၀ |
| ၂ | ဦးခင်ဝင်း+ဒေါ်ကြည်ကြည်သန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| | | |
| | ၂၇-၁၀-၂၀၂၁ | ၃၀၀,၀၀၀ |
| ၁ | ဦးကျော်မြ+ဒေါ်လှရှင် (မိတ္ထီလာမြို့) | ၃၀၀,၀၀၀ |
| | | |
| | ၂၈-၁၀-၂၀၂၁ | ၄၆၀,၀၀၀ |
| ၁ | ဦးသိန်း(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်မြတ်(အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၃ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၅၀,၀၀၀ |
| ၄ | ဦးအောင်မြင့်+ဒေါ်သောင်းစိန် (မင်္ဂလာဒုံမြို့နယ်) | ၃၀၀,၀၀၀ |
| | ၂၉-၁၀-၂၀၂၁ | ၂၀၀,၀၀၀ |
| ၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁၀၀,၀၀၀ |
| ၂ | ဦးလှဝင်း+ဒေါ်မြင့်မြင့်စန်း (နေပြည်တော်) | ၁၀၀,၀၀၀ |
| | | |
| | (၂၅-၁၀-၂၀၂၁ ရက်နေ့မှ ၂၉-၁၀-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁,၄၆၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေ့ရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID– 19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၂၉- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၆၈၅၁၄၅ | ၃၆၅၆၅၉၄၈ | ၇၆၃၇၈၄ |
| ၂။ | အိန္ဒိယ | ၃၄၂၄၈၇၁၉ | ၃၃၆၂၇၆၃၂ | ၄၅၇၂၄၆ |
| ၃။ | ဘရာဇီး | ၂၁၇၈၁၄၃၆ | ၂၀၉၇၉၃၂၄ | ၆၀၇၁၂၅ |
| ၄။ | ဗြိတိန် | ၈၉၃၆၁၅၅ | ၇၂၆၁၇၆၇ | ၁၄၀၂၀၆ |
| ၅။ | ရုရှား | ၈၄၃၂၅၄၆ | ၇၃၀၂၅၁၅ | ၂၃၆၂၂၀ |
| ၆။ | တူရကီ | ၇၉၆၁၅၃၅ | ၇၄၀၄၄၇၂ | ၆၉၉၉၈ |
| ၇။ | ပြင်သစ် | ၇၁၄၆၇၅၅ | ၆၉၃၀၁၆၄ | ၁၁၇၆၂၂ |
| ၈။ | အီရန် | ၅၉၀၉၄၀၂ | ၅၄၈၁၇၃၇ | ၁၂၅၉၉၈ |
| ၉။ | အာဂျင်တီးနား | ၅၂၈၆၀၇၄ | ၅၁၅၁၂၂၉ | ၁၁၅၉၁၆ |
| ၁၀။ | စပိန် | ၅၀၀၈၈၈၇ | ၄၈၆၂၆၇၂ | ၈၇၃၂၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၉– ၁၀ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၃၂၁၅ | ၄၀၈၇၄၄၀ | ၁၄၃၃၆၁ |
| ဖိလစ်ပိုင် | ၂၇၇၉၉၄၃ | ၂၆၈၆၆၉၂ | ၄၂၆၂၁ |
| မလေးရှား | ၂၄၅၄၇၄၉ | ၂၃၅၄၆၂၂ | ၂၈၇၆၉ |
| ထိုင်း | ၁၈၉၃၉၄၁ | ၁၇၇၅၅၇၀ | ၁၉၀၇၀ |
| ဗီယက်နမ် | ၉၁၀၃၇၆ | ၈၁၆၁၃၂ | ၂၁၉၆၆ |
| မြန်မာ | ၄၉၈၆၀၅ | ၄၆၄၉၅၄ | ၁၈၆၄၄ |
| စင်ကာပူ | ၁၈၇၈၅၁ | ၁၅၅၉၂၈ | ၃၆၄ |
| ကမ္ဘောဒီးယား | ၁၁၈၃၂၁ | ၁၁၄၃၀၀ | ၂၇၇၃ |
| လာအို | ၃၈၆၈၈ | ၃၁၈၅၈ | ၆၁ |
| ဘရူနိုင်း | ၁၂၉၅၅ | ၁၀၈၆၄ | ၈၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိဘဲ ကျူးကျော်ဆောက်လုပ်နေထိုင်မှုများနှင့်ပတ်သက်၍ အထူးကြပ်မတ်ခြင်းများ ဆောင်ရွက်ရန်လိုအပ်

**တောင်ကြီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၁)နှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၁)ကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**တောင်သူများ နစ်နာမှုမရှိရေး**

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များနှင့် ပတ်သက်၍ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော မူလပိုင်ရှင်တောင်သူများအား နစ်နာမှုမရှိစေရေး ဘက်မလိုက်ဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က မှန်မှန်ကန်ကန် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းပေးနိုင်ရေးအတွက် ရပ်၊ ကျေးအုပ်စုနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များတွင် တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ဒေသခံရပ်မိရပ်ဖများကိုလည်း ပိုမိုတိုးချဲ့ထည့်သွင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်၊ သာသနာ့မြေနှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုနိုင်သည့် ကိစ္စရပ်များအား စိစစ်ထောက်ခံတင်ပြခြင်းများကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆန်စပါး စားနပ်ရိက္ခာဖူလုံမှုကာကွယ်စေရန်အတွက် လယ်မြေအခြားနည်းအသုံးပြုခြင်းကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က အထူးတားမြစ်ကြပ်မတ်ရန် လိုအပ်ကြောင်းနှင့် လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိဘဲ ကျူးကျော်ဆောက်လုပ်နေထိုင်မှုများနှင့် ပတ်သက်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ကျူးကျော်နေထိုင်မှုများမရှိစေရေး တားမြစ်ခြင်း၊ အထူးကြပ်မတ်ခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစွာ ကျန်ရှိနေသေးသည့်အတွက် ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမြန်ဆုံးတိုးတက်စေရန် ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ လာရောက်လျှောက်ထားရန် အဖွဲ့ဝင်များက တိုက်တွန်းပြောကြားပေးရန် မှာကြားလိုကြောင်း ပြောကြားသည်။

**အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း ဆောင်ရွက်**

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ဆုံးဖြတ်ချက်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ဆုံးဖြတ်ချက်များ၊ ပြည်နယ်စီမံလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) တင်ပြချက်များ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) တင်ပြချက်များအား ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ဖတ်ကြားကာ အစည်းအဝေးအတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်းဆောင်ရွက်၍ အထွေထွေဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အမျိုးသားပြတိုက်(နေပြည်တော်၊ ရန်ကုန်)၊ ရှေးဟောင်းသုတေသနပြတိုက်များနှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်၊ ရန်ကုန်) ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အများပြည်သူသို့ ပညာရပ်များ ဖြန့်ဖြူးပေးခြင်းဖြင့် ယဉ်ကျေးမှု အသိစိတ်ဓာတ်များ ပေါ်ပေါက်ခိုင်မာလာစေခြင်း၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်စေလိုသည့် စိတ်ဓာတ်များ ပေါ်ပေါက်လာစေခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုတို့ကို သိမြင်လာနိုင်စေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြတိုက်များ ဖွင့်လှစ်ထားရှိသည်။

ထိုနည်းတူ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည်လည်း အများပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ဖွင့်လှစ်ထားရှိခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ပြတိုက်များနှင့် စာကြည့်တိုက်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း တယ်လီဖုန်းမှတစ်ဆင့် ဝန်ဆောင်မှုပေးခြင်းနှင့် Online မှတစ်ဆင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ အဆိုပါ ပြတိုက်များနှင့် စာကြည့်တိုက်များကို နိုဝင်ဘာ ၁ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစည်းမျဉ်းစည်းကမ်းများ၊ Standard Operating Procedure(SOP)နှင့်အညီ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ ပြတိုက်များကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်များကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိလည်းကောင်း ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

စာကြည့်တိုက်ဝန်ဆောင်မှုများအနေဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ Website ဖြစ်သော www.nlmnpt.gov.mm တွင်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ၏ Website ဖြစ်သော www.nlm.gov.mm တွင်လည်းကောင်း အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားရှိသော Digital စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေစာ၊ ပုရပိုက်စာ၊ သမိုင်းနှင့် ရှေးဟောင်းသုတေသနစာစုများ၊ အစိုးရထုတ်စာအုပ်များ၊ အာဆီယံစာစုများ၊ ကမ္ဘာ့ကုလသမဂ္ဂစာစုများ၊ ရှားပါးစာစုများ၊ မြန်မာနိုင်ငံအကြောင်းဆိုင်ရာ အင်္ဂလိပ်စာအုပ်များ၊ သုတေသနစာတမ်းများ၊ မြန်မာနိုင်ငံ ပြန်တမ်းများစသည့် e-Resources များကို ဝင်ရောက်ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ (ဝဲပုံ) တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်လေးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator) သုံးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) အခု ၂၀ နှင့် MasK (နှာခေါင်းစည်း) ခြောက်တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ဇယ်တုန်ဟုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ ဝမ်ဟတ်တိုက်နယ် မကျိုင်းမွန်းကျောင်း ပရဟိတဂေဟာ၊ မွန်ပြည်နယ် သထုံမြို့ ဇရစ်ချောင်းကျေးရွာရှိ ဇရစ်ချောင်းကျောင်းတိုက်၊ သိမ်ဇရပ်မြို့နယ် ရွာလေးမောင်ရပ်ကွက်ရှိ ရွှေရင်ကျော် ဘုရားကုန်းတော်သာသနလင်္ကာရကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ ကျီးမနိုး ဘုန်းတော်ကြီးကျောင်း၊ ဒိုင်းပြဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ရတနာသီခကျောင်းတိုက်၊ သန်လျင်မြို့နယ် မြို့သစ်အလယ်ရပ်ကွက်ရှိ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်နှင့် ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ကံသာယာထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ဇယ်တုန်ဟုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအား အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် အောက်တိုဘာ ၂၉

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ် အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၃၂၀ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၄၉ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ထခအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၄၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၀၂၇ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၈၂၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၁၉၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ဒေသခံပြည်သူ ၈၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၈၇၂၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၇၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသားကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၉၆၃ ဦး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ကျောင်းသား ကျောင်းသူ ၂၀၆ ဦး၊ ချင်းပြည်နယ် ဟားခါးမြို့၌ ကျောင်းသား ကျောင်းသူ ၅၈၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၉၇၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

စုံစမ်းရှာဖွေ ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီခန့်တွင် ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်အတွင်းရှိ RC သင်္ချိုင်းဝင်းအတွင်းရှိ မသင်္ကာဖွယ် အုတ်ဂူလေးလုံးကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဂူသွင်းသင်္ဂြိုဟ်ဟန် ပြုလုပ်ထားသည့် အုတ်ဂူအတွင်းမှ တစ်လုံးထိုးသေနတ် ၁၇ လက်၊ PVC ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်းမျိုးစုံ ၈၄ လုံးနှင့် ကျည်ကာအင်္ကျီခုနစ်ထည်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

မြေပြင် သတင်းများအရ အောက်တိုဘာ ၁၆ ရက်၌ ဟားခါးမြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် Bethlehem Baptist Church ဘုရားကျောင်းအနီး၌ မသင်္ကာဖွယ် လူတစ်ဦးကိုတွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ယူစဉ် ၎င်းမှာ ထွက်ပြေးသွားခဲ့ရာ အဆိုပါနေရာအနီးမှ Huawei အမျိုးအစား ဖုန်းတစ်လုံးကို တွေ့ရှိခဲ့သဖြင့် စစ်ဆေးခဲ့ရာ တယ်လီဖုန်းပိုင်ရှင်မှာ ဗန်ကျဲမ်း(ဘ) ဦးထန်လာအို ချင်း/ ခရစ်ယာန် (ဓမ္မဆရာ) မတူပီလမ်း ကျောဘုတ်ရပ်ကွက် ဟားခါးမြို့နေသူဖြစ်ကြောင်းသိရှိရပြီး ဖုန်းအတွင်းမှ တစ်လုံးထိုးသေနတ် ကိုင်ဆောင်



ထွက်ပြေးတိမ်းရှောင်နေသူ ဗန်ကျဲမ်း

ကာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တွဲရိုက်ထားသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရှိခဲ့ကြောင်း၊ အထက်ပါ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများမှာ ဗန်ကျဲမ်းဆိုသူမှ ၎င်း၏နေအိမ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေမည်ကို စိုးရိမ်သဖြင့် အထက်ပါသင်္ချိုင်းကုန်းရှိ အုတ်ဂူအတွင်း သိုဝှက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။


အထက်ပါဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်နေသူ တရားခံ ဗန်ကျဲမ်း(ဓမ္မဆရာ)အား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အပူတပြင်း ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မသင်္ကာဖွယ် အုတ်ဂူလေးလုံးကို ဖွင့်ဖောက်စစ်ဆေးရာမှ တွေ့ရှိရသည့် သိမ်းဆည်းထားသော လက်နက်ခဲယမ်းများ။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# တိုင်းဒေသကြီး ⁄ ပြည်နယ်များရှိ သတ်မှတ်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေး

နေပြည်တော်  အောက်တိုဘာ  ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့်ပြည်သူများ သက်သာသောဈေးနှုန်းဖြင့်  ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၂-၉-၂၀၂၁ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင်  ရောင်းချပေးလျက်ရှိပြီး 92 Ron (၁၉,၈၄၀,၃၉၉) လီတာ၊ ဒီဇယ် (၁၂,၈၆၉,၄၄၁) လီတာနှင့် Premium ဒီဇယ် (၁၈,၆၂၇,၅၇၁) လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီ ဆိုင်လိပ်စာများအား ကြေညာခဲ့ပြီးဖြစ်ပါသည်။

စားသုံးသူပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် အောက်ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

### တိုင်းဒေသကြီး ⁄ ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

၂၉-၁၀-၂၀၂၁

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၇၇ | ၁၃၄၉ | ၁၃၅၆ | ၆၆ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၄၂၂ | ၁၃၈၄ | ၁၃၉၁ | ၅၇ |
| ၃ | နေပြည်တော် | ၁၄၀၂ | ၁၃၇၄ | ၁၃၈၁ | ၇ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၁၇ | ၁၃၇၄ | ၁၃၈၁ | ၃ |
| ၅ | ရှမ်းပြည်နယ် | ၁၄၂၇ | ၁၃၈၉ | ၁၃၉၆ | ၁၆ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၃၇ | ၁၃၉၄ | ၁၄၀၁ | ၇ |
| ၇ | ရခိုင်ပြည်နယ် | ၁၄၆၇ | ၁၄၃၄ | ၁၄၅၁ | ၆ |
| ၈ | မွန်ပြည်နယ် | ၁၄၁၂ | ၁၃၈၄ | ၁၃၉၁ | ၁၈ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၄၁၇ | ၁၃၈၄ | ၁၃၉၁ | ၉ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၄၀၂ | ၁၃၇၄ | ၁၃၈၁ | ၂၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ၁၅ |
| ၁၂ | ကချင်ပြည်နယ် | ၁၄၆၂ | ၁၄၃၄ | ၁၄၄၁ | ၄ |
| ၁၃ | ကရင်ပြည်နယ် | ၁၃၉၇ | ၁၃၆၉ | ၁၃၇၆ | ၁ |
| | | စုစုပေါင်း | | | ၂၂၉ |

### ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင် အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Byain Phyu(Tar Kay Ta) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ရှုခင်းသာလမ်း၊ သာကေတမြို့နယ် |
| ၂ | Shwe Byain Phyu(No:3 Mingalardone) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ပုလဲမြို့သစ်လမ်း၊ ရှုခင်းသာမြို့နယ် |
| ၃ | Shwe Byain Phyu(Htan Ta Pin) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ၅ လမ်း ထန်းတပင်မြို့နယ်၊ |
| ၄ | Shwe Byain Phyu(Insein) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၅ | Shwe Byain Phyu(Maw Bi) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | မှော်ဘီမြို့နယ် |
| ၆ | Shwe Byain Phyu(Toontay) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | တွံတေး-ဒလမြို့နယ် |
| ၇ | Yadana Petrol Station (ခရမ်း) | | ၁,၁၁၇ | | အမှတ်(၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊ အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈ | Yadana Petrol Station (သုံးခွ) | | ၁,၁၁၇ | | အောင်ဇေယျလမ်း၊ အမှတ်(၅)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၉ | Yadana Petrol Station (ဥက္ကံ) | | ၁,၁၂၂ | | အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၀ | Yadana Petrol Station (သန်လျင်) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ်(၁၀)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၁ | Yadana Petrol Station (ကျောက်တန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၃၆)၊ သန်လျင်-ကျောက်တန်းလမ်းမကြီး၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂ | Yadana Petrol Station ( ကော့မှူး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | မကျီးကန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၃ | Yadana Petrol Station (ကွမ်းခြံကုန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၁)၊ ဗိုလ်ချုပ်လမ်း၊ ကန်ကြီးပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၄ | Yadana Petrol Station (ဒလ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဒလ-တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၅ | Yadana Petrol Station (တိုက်ကြီး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၆ | Moon (Kyi Myin Daing ) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ကြည့်မြင်တိုင်မြို့နယ် |
| ၁၇ | Thuwana | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | သင်္ဃန်းကျွန်းမြို့နယ် |
| ၁၈ | Mhawbi(1) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်-ပြည်လမ်းမကြီး၊ မှော်ဘီမြို့နယ် |
| ၁၉ | Lucky7(သန်လျင်) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားအနီး သန်လျင်မြို့နယ် ရန်ကုန်မြို့။ |
| ၂၀ | MMTM – Tamwe | ၁,၃၇၀ | ၁,၃၄၀ | ၁,၃၅၀ | အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် |
| ၂၁ | MMTM – Ywama | ၁,၃၇၀ | ၁,၃၄၀ | ၁,၃၅၀ | လှိုင်မြို့နယ်၊ရန်ကုန်မြို့ |
| ၂၂ | MMTM – North Dagon | ၁,၃၇၀ | ၁,၃၄၀ | ၁,၃၅၀ | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၃ | MMTM – Thingankyun | ၁,၃၇၀ | ၁,၃၄၀ | ၁,၃၅၀ | သံသုမာလမ်း၊သင်္ဃန်းကျွန်းမြို့နယ် |
| ၂၄ | Moon Sun Energy (NOK) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ် (၁၆၃/ ၁)၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၅ | Moon Sun Energy (South Dagon) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁/၇၁၃၊၂/၇၁၃)၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်အနီး၊ ပြည်ထောင်စု လမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး ။ |
| ၂၆ | Moon Sun Energy (Insein) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၄၅)၊ဘူတာရုံလမ်း (ခ) လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၇ | Moon Sun Energy (Shwe Pyi Thar) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၄)လမ်းမကြီး၊သာစုကန်စက်မှုဇုန်အနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၈ | Moon Sun Energy (Hlaing Thar Yar) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁၅) ၊ ရန်ကုန် – ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ၊ ဒဂုံဧရာအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၉ | KS(019) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | မှော်ဘီ အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၀ | 360° Petro(Satsan) | ၁,၃၇၇ | ၁,၃၃၅ | ၁,၃၄၀ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃၁ | 360° Petro (Danyingone) | ၁,၃၇၇ | ၁,၃၃၅ | ၁,၃၄၀ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၀-၂၀၂၂ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရွှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၈:၃၅** ထိန်းသိမ်းစောင့်ရှောက်ကြပါလေ မြန်မာ့ဆင်တွေ
- **၀၉:၃၅** ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့အနုသုခုမပြခန်း' (အပိုင်း-၂)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ(သုတစုံမြမောင်၊ မယ်ဆု)(ပွဲစဉ်-၆)
- **၁၃:၃၀** MRTV National News
- **၁၅:၂၀** ရောင်စုံတေးဥယျာဉ်
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'ဝက်ကလေးတစ်ခွန်း'
- **၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၁၀** ရှုလေမြင်လေကမ္ဘာမြေ
- **၁၇:၃၅** MRTV Travelogue
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှျို့ဝှက်ချက်' (အပိုင်း-၃၂)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၀:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း 'သူရာ...ပါနံ'
- **၂၁:၀၀** 'ပြည်ကြီးမဏ္ဍိုင်အငြိမ့်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: UK Pavilion-Innovating for a Shared Future
- **07:33** Great Shwedagon
- **08:00** Weekly Review
- **08:16** Myanmar Master Class "Still Life" (Fruit)
- **08:22** Myanma Thanakha
- **08:38** A Glance At A Naga Family Life
- **09:01** Myanmar Family Life: Rhythm & Rhymes for Myanmar Kids
- **09:18** Natural Mineral Water
- **09:34** Let's go to Hlawga Nature Park
- **09:54** Mandalay, The Golden City
- **10:01** Hand Down Arts Heritage
- **10:35** Shan Traditional Festival

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၈)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပဲခူးမြို့ဟသ်ာကုန်းစေတီသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆန္ဒနှိအိုင်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မြားတံပြုလုပ်ခြင်းနှင့်အထားအသို

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရေချောတိုင်တက်ပွဲအကြောင်း

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၆)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပြောင်းဖူးဟင်းရည်ချက်စားရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အဆာပြေဆန်မုန့်လုပ်စားကြမယ်

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၈)
- **၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ရေအားလျော့နည်းပြတ်တောက်မည့် အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) လက်အောက်ရှိ ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်) သည် ရန်ကုန်မြို့တွင်းမြို့နယ်များသို့ နေ့စဉ်ရေပေးဝေလျက်ရှိရာ ဒုတိယအဆင့် ရေတွန်းစက်ရုံဝင်းအတွင်း 64"ø MS Pipe နှင့် 1600 mm ø HDPE Pipe အဆက်နေရာတွင် ရေစိမ့်ထွက်မှုအား ပြုပြင်ရန် (၂-၁၁-၂၀၂၂) ရက်နေ့ နံနက် ၁၀ နာရီမှ (၃-၁၁-၂၀၂၂) ရက်နေ့ ညနေ ၄ နာရီအထိ ခန့်မှန်းကြာချိန် ၃၀ နာရီခန့် ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေ (မေတ္တာညွှန့်ရပ်ကွက်) မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင် စုဆောင်းနိုင်ကြပါရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

●*ကျော်ဖုံးမှ*

အရေးပါသည့် ပွဲဖြစ်နေသည်။ မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်သလို အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် တရုတ်(တိုင်ပေ) အသင်းအတွက်လည်း ခြေစစ်ပွဲအောင်မြင်ရေး လက်ကျန်မျှော်လင့်ချက်အတွက် ယခုပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။ မြန်မာအသင်းသည် တရုတ်(တိုင်ပေ)အသင်းကို အနိုင်ရထားမှသာ ခြေစစ်ပွဲအောင်မြင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ရာ အရေးပါလျက်ရှိပြီး အမှားအယွင်းမရှိစေရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ) အသင်းသည် ၂၀၁၆ ခြေစစ်ပွဲတွင်လည်း တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းက သုံးဂိုးပြတ်အနိုင်ရထားသည်။ လက်ရှိကျင်းပနေသည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အသင်းပေါင်း ၃၈ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပလျက်ရှိသည်။ အုပ်စုတစ်ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေး သင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ယခုခြေစစ်ပွဲအတွက် စက်တင်ဘာလဆန်းပိုင်း ကတည်းက ပြင်ဆင်ခဲ့ပြီး ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၂၄ ရက်က ယူအေအီး ကလပ်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ရဲရင့်လွင်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁၀ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၇၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၆၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၇၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၆၈၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၂၀/၁၃၄၅ ကျပ် | ၁၃၆၀/၁၃၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၃၀/၁၃၅၅ ကျပ် | ၁၃၇၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၇၀/၁၄၂၀ ကျပ် | ၁၄၀၇/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၅၀/၁၄၉၀ ကျပ် | ၁၅၅၅/၁၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၃၁ | ၁၅၂၅၅၉၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၃၀၁၄ | ၉၆၈၆၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄၀၄ | ၁၀၉၀၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျောင်းတက်ခေါင်းလောင်းသံတို့ လွင့်ပျံ့လာစေချင်ပါပြီ

ကျွန်းသားငမန်း

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားဆဲကာလတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများ၌ ကျောင်းများပိတ်ထားခဲ့ရသည်။ ကိုဗစ်ရောဂါအန္တရာယ် ကင်းဝေးပြီး ကျောင်းများ စိတ်ချလက်ချဖွင့်လှစ်နိုင်ရန် ကျောင်းသားအရွယ်ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးနိုင်မှုမှာ အရေးကြီးသဖြင့် နိုင်ငံတကာတွင် ကျောင်းသားအရွယ်ကလေးငယ်များကို ကာကွယ်ဆေးများ ထိုးပေးလျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာလ ၁၂ ရက်မှစပြီး အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူကလေးများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး စုရပ်အသီးသီးသို့သွားပြီး ဆေးထိုးခံယူနေကြသည့် မြင်ကွင်းများကို တွေ့မြင် နေရသဖြင့် ပီတိဖြစ်ရသည်။ ကိုဗစ်-၁၉ ရောဂါဘေးကြောင့် ကျောင်းများပိတ်ထားသည်မှာ နှစ်နှစ်နီးပါးတောင် ကြာမြင့်ခဲ့လေပြီကောလား။ ကျောင်းနေပျော်ကြရမည့် ကျောင်းသားသူငယ်တို့မှာ ကျောင်းစာသင်ခန်းနှင့် ဝေးနေကြရသည်။ ကျောင်းသားငယ်တို့ စာသင်ခန်းနှင့် ဝေးနေကြသလို လူမှုဆက်ဆံရေးနှင့်လည်း ဝေးကွာသွားကြရသည်။ Stay at Home အစီအစဉ်ကြောင့် အပေါင်းအသင်းများနှင့် ဆုံတွေ့ရသည်မှာလည်း ခက်သွားကြရသည်။**



၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်က အခြေခံပညာကျောင်းများ ဖွင့်လှစ်ခဲ့ရာ နေပြည်တော် အထက (၇) မှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ကျောင်းတက်ရောက်စဉ်။

> ❑ **တိုင်းပြည်၏ အနာဂတ်အရေးသည် ပညာရေးနှင့် ဆက်စပ်လျက်ရှိသည်။ အတန်းပညာတတ်မှ အသိပညာရမည်။ အသိပညာရမှ အတတ်ပညာတတ်ကြမည်။ အသိပညာနှင့် အတတ်ပညာရှိသောသူများဖြင့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ရာ ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးမှာ အရေးကြီးလှပါသည်။ ထို့ကြောင့် မြို့ပြမှသည် ကျေးလက်ဒေသအဆုံး ကျောင်းများ ဖွင့်လှစ်နိုင်စေချင်ပါသည်။ နိုင်ငံအဝန်း ကျောင်းတက်ခေါင်းလောင်းသံတို့ လွင့်ပျံ့စေချင်ပါပြီ**

### အသိပညာရှိမှ အတတ်ပညာရမည်

ကျောင်းများပိတ်ထားရခြင်းမှာ ကျောင်းသားသူငယ်များအတွက်ရော နိုင်ငံတော်အတွက်ပါ နစ်နာဆုံးရှုံးရမှုတစ်ခု ဖြစ်သည်။ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အတတ်ပညာ၊ အသိပညာရှိသောသူများကသာ ဦးဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)တွင် ပညာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရကြောင်း ကိန်းဂဏန်းများဖြင့် ထောက်ပြပြောကြားသည်ကို တွေ့ရသည်။ လူငယ်များနှင့် ပတ်သက်၍လည်း အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ကျောင်းသားသူငယ်များ အတန်းပညာရရှိ သင်ကြားနိုင်ရန်မှာ ကျောင်းများဖွင့်လှစ်ရန် အရေးကြီးလှသည်။

ကာလရှည်ကျောင်းပိတ်ခြင်းမျိုးကို စာရေးသူတို့ ငယ်ငယ်ကလည်း ကြုံတွေ့ခံစားခဲ့ရဖူးသည်။ ထိုစဉ်က ကျောင်းများပိတ်ထားခြင်းမှာ တည်ငြိမ်အေးချမ်းရေးအကြောင်းပြချက်များဖြင့် ပိတ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံပိုင်ကျောင်းများ ပိတ်လင့်ကစား ပြင်ပကျောင်းများ ဖွင့်လှစ်ထားသဖြင့် ငွေကြေးတတ်နိုင်သူတို့ ကျောင်းတက်မပျက်ခဲ့ကြ။ မြို့ကြီးများတွင် ကျောင်းပညာရပ်အပြင် အခြားပညာရပ်များကိုလည်း သင်ကြားနိုင်ခွင့်ရခဲ့ကြသေးသည်။ အားလပ်ချိန်များတွင် အပေါင်းအသင်းများနှင့်အပြင်ထွက်ခွင့်၊ ကစားခွင့်လည်း ရကြသည်။ စိတ်၏လွတ်လပ်မှု၊ ကိုယ်၏ လွတ်လပ်မှုများ ရခဲ့ကြသည်။ စိတ်ဖိစီးမှုများ ယခုလောက်ခံစားရခြင်း မရှိခဲ့ကြ။ ယခုကျောင်းရက်ရှည်ပိတ်ခြင်းမှာ ကျောင်းသားများ ဆန္ဒပြ၍၊ ဒေသမအေးချမ်း၍ ကျောင်းပိတ်ခြင်းမျိုး မဟုတ်။ ယခု ကျောင်းပိတ်ရခြင်းမှာ ရောဂါကြောင့် ဖြစ်လေရာ မည်သို့မျှတတ်နိုင်သည်မဟုတ်။ ရောဂါကလည်း ကူးစက်မြန်ပြီး တစ်ဦးချင်းအသိနှင့်ကာကွယ်၊ ထိန်းချုပ်ရသော ရောဂါမျိုးဖြစ်လေရာ မိမိကိုယ်ကအစ၊ မိမိပတ်ဝန်းကျင်ကအစ ရောဂါဖြန့်သူမဖြစ်ရအောင်၊ ရောဂါကူးစက်ခြင်း မခံရလေအောင် ကြိုးစားထိန်းချုပ်နေရသည်။

စာရေးသူတွင် တက္ကသိုလ်တက်နေသော မြေးနှစ်ဦး၊ မူလတန်းတက်နေသော မြေးနှစ်ဦးရှိသည်။ တက္ကသိုလ်တက်နေသော မြေးနှစ်ဦးအနက် တစ်ဦးမှာ ပထမနှစ်ကျောင်းသူဖြစ်ပြီး တစ်ဦးမှာ တတိယနှစ်ကျောင်းသူ ဖြစ်သည်။ ကိုဗစ်ကြောင့် ကျောင်းများပိတ်လိုက်သောအခါ စာမေးပွဲဖြေဆိုရင်းဖြင့် ရှိနေသည်။ မူလတန်းတက်နေသော ကျောင်းသားနှစ်ဦးကတော့ ရောက်သည့်အတန်းမှာပင် ထစ်နေဆဲဖြစ်သည်။ ကျောင်းမတက်ရသဖြင့် စာလည်း မသင်ကြရ။ အပြင်သို့လည်း မထွက်ဖြစ်ကြသောအခါ သူတို့အားလုံးမှာ ဂိမ်းဆော့ရင်းအချိန်ကုန်နေကြသည်။ ကျောင်းမတက်ရတော့ သူငယ်ချင်းအပေါင်းအသင်းများနှင့်လည်း တွေ့ဆုံရမှုနည်းသွားသည်။ မူလတန်းကျောင်းသားနှစ်ဦးကတော့ ပြေးလွှားဆော့ကစားနိုင်ရန် အပေါင်းအဖော်သူငယ်ချင်းများနှင့် တွေ့နိုင်ခြင်း မရှိကြတော့။ တစ်နေ့တစ်နေ့ တီဗွီထိုင်ကြည့်လိုက်၊ တီဗွီဂိမ်းဆော့လိုက်ဖြင့် အချိန်ကုန်နေကြသည်။ စာရေးသူမှာ စာသင်ခန်းနှင့်ဝေး၊ ကျောင်းတက်ခွင့်မရသော မြေးများကို ကြည့်ပြီး သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေးကအစ ရင်မောနေရသည်။ သူတို့သာမဟုတ် အနာဂတ်မဲ့နေရသည့် ကျေးလက်မှ လူငယ်များအတွက်လည်း စိတ်မအေးစရာ စဉ်းစားဖြစ်ရသေးသည်။

စာရေးသူမှာ ကျေးလက်သားတစ်ဦးဖြစ်သည်။ ၁၉၅၆ ခုနှစ် စာရေးသူတို့ကျောင်းမှ စတုတ္ထတန်း (မူလတန်း) အောင်မြင်သူ ၁၀ ဦးခန့် ရှိခဲ့သည်။ အလယ်တန်း၊ အထက်တန်းသို့ ဆက်လက်ပညာသင်ကြားနိုင်ခဲ့သည်မှာ စာရေးသူအပါအဝင် သုံးဦးမျှသာ ရှိခဲ့သည်။ ထိုစဉ်ကတော့ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများမှာ မြို့ပြများတွင်သာ ရှိသဖြင့် မြို့သို့သွား၍ ပညာမသင်ကြားနိုင်ခဲ့တာလည်းပါသည်။ ယခုတော့ ကျေးလက်များတွင်လည်း အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်လာနိုင်သည်ကို တွေ့ရသည်။ စာရေးသူ မူလတန်းပညာသင်ကြားခဲ့ရာ ကျောင်းမှာလည်း ယခုအခါ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ကျောင်းသားတို့ပညာရေးအတွက် အားရဖွယ်ဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ ကြောင့် ကျောင်းများပိတ်လိုက်သဖြင့် ကျေးလက်သားတို့မှာလည်း မိဘတို့၏ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ကူညီနေကြရသည်။ ကျောင်းပြန်ဖွင့်လျှင်ပင် ကျောင်းတက်ရန် မလွယ်ကြ။ အချို့အထက်တန်း ကျောင်းသားရွယ်လူငယ်များမှာလည်း နေရပ်စွန့်ခွာသွားပြီး အလုပ်သစ်၊ အကိုင်သစ်များရှာသွားကြသည်။ သို့ဖြင့် ကျေးလက်ပညာရေးမှာလည်း အနာဂတ်မဲ့နေသလို ဖြစ်နေချေလေပြီ။ လူငယ်များသည် မိမိတို့ခြေလှမ်းပေါ် မိမိရပ်တည် ခြေလှမ်းနိုင်ကြရမည်။ သို့အတွက် လူငယ်များ၏ ဘဝတွင် မိမိခြေလှမ်းပေါ် မိမိရပ်တည်နိုင်ရန် အများကအသိအမှတ်ပြုဘွဲ့၊ ဒီဂရီ စသည့်အသိအမှတ်ပြုအောင်လက်မှတ်တစ်ခုရဖို့လည်း အရေးကြီးသည်။ သို့ဖြင့် တစ်နှစ်ပြီးတစ်နှစ်အသက်ကြီးလာသောသူတို့၏ အနာဂတ်အတွက်လည်း စဉ်းစားစရာများဖြစ်လာရသည်။ ကျောင်းမပြီးသေး၍ လုပ်ငန်းခွင်ဝင်ခွင့်မသာသော လူငယ်များ၊ အသက်ကြီးသွား၍ ကန့်သတ်အသက် မမီတော့သော လူငယ်များ၊ သူတို့၏ အနာဂတ်ရေးကား ရင်လေးဖွယ်ဖြစ်နေဘိသည်။

### ကျောင်းတက်ခေါင်းလောင်းသံတို့ လွင့်ပျံ့စေချင်

တိုင်းပြည်၏အနာဂတ်အရေးသည် ပညာရေးနှင့် ဆက်စပ်လျက်ရှိသည်။ အတန်းပညာတတ်မှ အသိပညာရမည်။ အသိပညာရမှ အတတ်ပညာတတ်ကြမည်။ အသိပညာနှင့် အတတ်ပညာရှိသောသူများဖြင့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ရာ ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးမှာ အရေးကြီးလှပါသည်။ ထို့ကြောင့် မြို့ပြမှသည် ကျေးလက်ဒေသအဆုံး ကျောင်းများ ဖွင့်လှစ်နိုင်စေချင်ပါသည်။ နိုင်ငံအဝန်း ကျောင်းတက်ခေါင်းလောင်းသံတို့ လွင့်ပျံ့စေချင်ပါပြီ။

ကျောင်းများ ဖွင့်လှစ်နိုင်ဖို့အတွက် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားသူငယ်များကို ကာကွယ်ဆေးထိုးမည်ဆိုတော့ လေလှိုင်းပေါ်မှ အဖျက်အမှောင့်သမားများက လူငယ်များအတွက် အန္တရာယ်ရှိနိုင်ကြောင်း မဟုတ်မမှန်သတင်း ဖြန့်မှုတွေ ပေါ်ထွက်လာခဲ့သေးသည်။ သို့ရာ ယင်းတို့အားကိုးသော နိုင်ငံများတွင်ပါ ကလေးသူငယ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆေးထိုးနေပြီဆိုတော့မှ လေလှိုင်းကအသံများ တိတ်သွားသည်။ ဒါတောင် တရုတ်နိုင်ငံဆေးမို့၊ ရုရှားနိုင်ငံဆေးမို့ မထိုးသင့်ကြောင်း ဘေးတီးပေးနေတာများ ရှိသေးသည်။ မြန်မာနိုင်ငံကား အလိမ်အညာသမား၊ လေလှိုင်းကြားတွင် လူးလူးလိမ့်လိမ့် သွားနေရသည်။

### ကာကွယ်ဆေးထိုးနိုင်ရန်လို

လောလောဆယ်အခြေအနေအရ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းမှာ ကျဆင်းလာနေသည်။ ကျဆင်းသည်ဆိုငြားလည်း စိတ်ချရသည့် အနေအထားကား မရှိသေး။ ဖြစ်ပွားနှုန်းမြင့်တက်သည့်နေရာတွင် မြင့်တက်နေသေးသည်။ မည်သို့ဆိုစေ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်မှုမှာ ကာကွယ်ဆေးထိုးခြင်းကလည်း အထောက်အကူပြုနေသည်ဖြစ်ရာ အားလုံးလွှမ်းခြုံ၍ ကာကွယ်ဆေးထိုးနိုင်ရန်လိုသည်။ ကျောင်းသားသူငယ်များအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်း လုပ်ငန်းသည် ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် အထောက်အကူဖြစ်နေသည်ဆိုခြင်းကိုလည်း ကျောင်းသားမိဘများ သိရှိကြဖို့ လိုအပ်ပါသည်။ ။

## တာမွေမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး



**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည့် အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း/ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား တရုတ်နိုင်ငံထုတ် ဆီနိုဗက် အမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

“ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့ အတွက် မိဘအုပ်ထိန်းသူတွေရဲ့ သဘောတူညီချက်ကို အရင်ဆုံး ရယူပါတယ်။ ကလေးတွေအနေနဲ့ ဆေးထိုးတဲ့အခါမှာ ဖျားနေတာတို့၊ အတက်ရောဂါရှိတာတို့၊ တခြားရောဂါရှိတဲ့ ကလေးတွေကိုတော့ ဆရာဝန်နှင့် တိုင်ပင်ပြီး ဆေးထိုးသင့်တယ်ဆိုမှ ထိုးနှံပေးတာဖြစ်ပါတယ်။ ဒါကြောင့် မိဘအုပ်ထိန်းသူတွေအနေနဲ့ မိမိတို့ရဲ့ ကလေးတွေကို ကိုဗစ်-၁၉ ရောဂါကူးစက်မခံရစေဖို့ ကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းပြောကြားချင်ပါတယ်” ဟု ဒုတိယ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေးက ပြောသည်။

ကာကွယ်ဆေးလာရောက် ထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ အသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ လူမှုကူညီရေး အသင်းဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

တာမွေမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံပေးရမည့် ကျောင်းသားအရေအတွက်မှာ အခြေခံပညာ အလယ်တန်းကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁၂ ဦး၊ အထက်တန်းကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၉၁ ဦးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၄၇ ဦးရှိပြီး လက်ရှိအချိန်တွင် ၁၁၈ ဦးအား ထိုးနှံပေးထားပြီး ကျန်ရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းဖွင့်ချိန်အမီ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။

နိုင်လင်းအောင် (ပြန်/ဆက်)

## ပုသိမ်မြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**ပုသိမ် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အ.ထ.က (၃) ကိုဗစ်-၁၉ စင်တာ၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူဖြေဆိုနိုင်ကြစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပုသိမ်မြို့ အ.ထ.က (၃) နှင့် သစ်ညိုကုန်းအထက (ခွဲ) တို့မှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ နှစ်ကျောင်းပေါင်း ၃၄၂ ဦးတို့အား ပုသိမ်မြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများ၊ အမှတ်(၄) စစ်မြေပြင်ဆေးတပ်ရင်းအဖွဲ့ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ပညာရေးဝန်ထမ်းများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြောင်း သိရသည်။

ပုသိမ်လှကြည်







ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

### ကျောင်းသား ကျောင်းသူများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ မပျက်မကွက်လာရောက်ရန်၊

၂။ ကျောင်းသို့ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးက ချမှတ်ထားသည့် စည်းကမ်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဆရာများနှင့် ကျောင်းသားများ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ အသုံးပြု၍ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန်၊

၅။ စာသင်ခန်းတွင်း တတ်မြောက်မှုစစ်ဆေးခြင်းနှင့် အခန်းဆုံးစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မပျက်မကွက် ပါဝင်ဆောင်ရွက်ရန်၊

၆။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများတွင် ဆရာများ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၇။ ကျောင်းတွင်းအားကစားလှုပ်ရှားမှုများ၊ စာပေဟောပြောပွဲများ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျောင်းတွင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်၊

၈။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးနှင့် ဆရာများသို့ တင်ပြ၍ အကူအညီတောင်းခံရန်၊

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၁၀) မှာတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့ လက်စတာနဲ့ အာဆင်နယ်၊ ပုံမှန်ခြေစွမ်းရရှိဖို့ ကြိုးစားနေတဲ့ စပါးနဲ့ မန်ယူအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လက်စတာအသင်းရော အာဆင်နယ်အသင်းပါ ကြားပွဲအဖြစ် ကစားခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ ပြိုင်ဘက်ကို အနိုင်ယူပြီး နောက်တစ်ဆင့် တက်ရောက်ထားနိုင်တဲ့ အသင်းတွေဖြစ်ပါတယ်။ မန်ယူအသင်းက ယခုပွဲစဉ် မတိုင်မီ ကြားပွဲကစားထားရခြင်း မရှိတာကြောင့် စပါးအသင်းထက် နားရက်ပိုရထားပါတယ်။ ဒါကြောင့် ယခု ပွဲစဉ် (၁၀) မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# နိုင်ပွဲရရှိရေး ဦးတည်လာမည့် မန်ယူကို စပါးဟန့်တားနိုင်မလား

စပါးအသင်းဟာ ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့်လည်း အသင်းကစားသမားတွေ့ရဲ့ စွမ်းဆောင်ရည်ကိုကြည့်ရင် အားရစရာ မရှိပါဘူး။ အထူးသဖြင့် ဟယ်ရီကိန်းဦးဆောင်တဲ့ တိုက်စစ်ပိုင်းမှာ လိုအပ်ချက်ရှိနေပြီး နောက်ဆုံးသုံးပွဲမှာ တစ်ဂိုးသာ သွင်းယူထားနိုင်တဲ့အထိ အားပျော့နေပါတယ်။ ပြိုင်ဘက်မန်ယူအသင်းကလည်း ပရီမီယာလိဂ်မှာ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး သုံးပွဲအထိ ရှုံးပွဲကြုံတွေ့ထားပါတယ်။ ဒါ့အပြင် မန်ယူအသင်းရဲ့ ခံစစ်ဟာ နောက်ဆုံးသုံးပွဲမှာ ၁၁ ဂိုးအထိ ခွင့်ပြုပေးခဲ့ရပြီး စီရော်နယ်ဒို ဦးဆောင်တဲ့ တိုက်စစ်ကလည်း ငါးဂိုးသာ ရှိထားပါတယ်။

### နှစ်သင်းကြား ရမှတ်ကွာဟမှု တစ်မှတ်သာရှိ

ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုမှာတော့ အဆင့် (၆) နဲ့ (၇) မှာ ရပ်တည်နေပါတယ်။ ဒါ့အပြင် ဒီနှစ်သင်းရဲ့ ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာရှိတာကြောင့် ယခုပွဲစဉ်က ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။

ယမန်နှစ်က စပါးအသင်းနဲ့ မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်ကိုကြည့်ရင် မန်ယူအိမ်ကွင်းမှာ ခြောက်ဂိုး-တစ်ဂိုးနဲ့ စပါးအသင်းက အနိုင်ရရှိထားပြီး စပါးအိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ မန်ယူက ပြန်လည်အနိုင်ရရှိထားပါတယ်။

### ရလဒ်ဆိုးရွားမှုကြောင့် ဖိအားများနေ

မန်ယူအသင်းအနေနဲ့ ယခုပွဲစဉ်ပြီးရင် အတ္တလန်တာ၊ မန်စီးတီး စတဲ့ အသင်းကြီးတွေနဲ့ ဆက်တိုက်ကစားရမှာပါ။ ဒါကြောင့် ရလဒ်ဆိုးရွားမှုကြောင့် ဖိအားများနေတဲ့ နည်းပြဆိုးလ်ရှားအနေနဲ့ ယခုပွဲစဉ်မှာ လူစုံထုတ်ကာ စပါးအသင်းကို ရင်ဆိုင်လာမလား စိတ်ဝင်စားဖွယ်ရာပါ။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံးနိုင်ပွဲရရှိရေး အကောင်းဆုံးပြင်ဆင်လာမှာဖြစ်သော်လည်း စပါးအသင်းထက် မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတဲ့ မန်ယူအသင်းအနေနဲ့ ဘယ်လိုရလဒ် ထွက်ပေါ်လာမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## စပါး VS မန်ယူ

30–10–2021 | Game Week–10 | KO 23:00

**စပါး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၂ - ၁ | ဗီလာ |
| ကာဆယ် | ၂ - ၃ | စပါး |
| ဗစ်တက်စ် | ၁ - ဝ | စပါး |
| ဝက်စ်ဟမ်း | ၁ - ဝ | စပါး |
| ဘန်လေ | ဝ - ၁ | စပါး |

**မန်ယူ၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| မန်ယူ | ၂ - ၁ | ဗီလာရီးရဲ |
| မန်ယူ | ၁ - ၁ | အဲဗာတန် |
| လက်စတာ | ၄ - ၂ | မန်ယူ |
| မန်ယူ | ၃ - ၂ | အတ္တလန္တာ |
| မန်ယူ | ဝ - ၅ | လီဗာပူး |



**ပရီမီယာလိဂ် ပွဲစဉ် (၁၀)**

| | |
|---|---|
| ၃၀-၁၀-၂၀၂၁ | စနေနေ့ |
| လက်စတာ - အာဆင်နယ် | ည ၆:၀၀ |
| ဘန်လေ - ဘရုန်ဖို့ဒ် | ည ၈:၃၀ |
| လီဗာပူး - ဘရိုက်တန် | ည ၈:၃၀ |
| မန်စီးတီး - ပဲလေ့စ် | ည ၈:၃၀ |
| ကာဆယ် - ချယ်ဆီး | ည ၈:၃၀ |
| ဝက်ဖို့ဒ် - ဆောက်သမ်တန် | ည ၈:၃၀ |
| စပါး - မန်ယူ | ည ၁၁:၀၀ |
| ၃၁-၁၀-၂၀၂၁ | တနင်္ဂနွေနေ့ |
| နော့ဝှစ်ချ် - လိဒ်စ် | ည ၈:၃၀ |
| ဗီလာ - ဝက်စ်ဟမ်း | ည ၁၁:၀၀ |
| ၁-၁၁-၂၀၂၁ | တနင်္လာနေ့ |
| ဝုဖ် - အဲဗာတန် | နံနက် ၂:၃၀ |

**ဂိုးအများဆုံး သွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၁၀ |
| ဗာဒီ | လက်စတာ | ၇ |
| အန်တိုနီယို | ဝက်စ်ဟမ်း | ၆ |
| မာနေး | လီဗာပူး | ၅ |

## လက်စတာ VS အာဆင်နယ်

30–10–2021 | Game Week–10 | KO 18:00

**လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| စပါးတပ်ခ် | ၃ - ၄ | လက်စတာ |
| ဘရုန့်ဖို့ဒ် | ၁ - ၂ | လက်စတာ |
| လက်စတာ | ၂ - ၂ | ဘရိုက်တန် |
| ပယ်နယ်တီ | ၄ - ၂ | |

**အာဆင်နယ်၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| အာဆင်နယ် | ၂ - ၂ | ပဲလေ့စ် |
| အာဆင်နယ် | ၃ - ၁ | ဗီလာ |
| အာဆင်နယ် | ၂ - ဝ | လိဒ်စ် |

ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ပွဲစဉ်ဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိပါတယ်။ ယခုပွဲစဉ်မတိုင်မီ နှစ်သင်းစလုံး ကြားပွဲကစားရထားတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ယမန်နှစ်က တွေ့ဆုံခဲ့တဲ့ လက်စတာအိမ်ကွင်းမှာတော့ အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ပွဲစဉ် (၉) အပြီးမှာ နှစ်သင်းစလုံး ရမှတ် ၁၄ မှတ်စီ ရရှိထားပြီး ကြားရက်မှာကစားခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်ထားနိုင်တဲ့အတွက် ယခုပွဲစဉ်ကို အာရုံစိုက်ပြင်ဆင်လာဖွယ်ရှိတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄) ပွဲစဉ်များကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်များထဲမှ အကောင်းဆုံးပွဲစဉ်ဖြစ်သည့် အတ္တလန္တာနဲ့ မန်ယူ၊ လီဗာပူးနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အိမ်ကွင်းမှာ မန်ယူကို အနိုင်ရရှိဖို့ကြိုးစားလာမယ့် အတ္တလန္တာ

## အတ္တလန္တာ VS မန်ယူ

3–11–2021 | Game Week–4 | KO 02:30

ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ မန်ယူအိမ်ကွင်းမှာ အတ္တလန္တာအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ မန်ယူအသင်းကို ရှုံးနိမ့်ထားပါတယ်။ အဆိုပါပွဲစဉ်မှာ အတ္တလန္တာအသင်းအနေနဲ့ မန်ယူအသင်းကို တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့တာ တွေ့ရတယ်။ မည်သို့ပင်ဆိုစေ အတ္တလန္တာအသင်းအနေနဲ့ ယနေ့ပွဲစဉ်မှာ မန်ယူအသင်းကို အနိုင်ရရင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်မှာဖြစ်တဲ့အတွက် အနိုင်ရရှိရေးကို အသေအချာပြင်ဆင်လာမှာပါ။ မန်ယူအသင်းကလည်း ယနေ့ပွဲစဉ် အနိုင်ရရှိရင် နောက်တစ်ဆင့်တက်ရောက်ရေး ပိုနီးစပ်သွားမှာ ဖြစ်တာကြောင့် အားစိုက်ကစားလာမှာပါ။ ခံစစ်အားနည်းတဲ့ မန်ယူနဲ့ တိုက်စစ်အားသန်တဲ့ အတ္တလန္တာအသင်းတို့ ဒုတိယအကြိမ်တွေ့ဆုံမှုက ဘယ်လိုဖြစ်လာမလဲဆိုတာ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းမှာ အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။



## လီဗာပူး VS အေတီမက်

4–11–2021 | Game Week–4 | KO 02:30

အုပ်စု (B) ရဲ့ အမှတ်ပေးဇယားမှာ လီဗာပူးက ရမှတ် ကိုးမှတ်နဲ့ ဦးဆောင်နေပြီး အက်သလက်တီကို မက်ဒရစ်အသင်းက ပေါ်တိုအသင်းနဲ့ ရမှတ် လေးမှတ်တူ အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ပထမအကျော့ အေတီမက်အိမ်ကွင်းမှာ လီဗာပူးက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ မည်သို့ပင်ဆိုစေ ရမှတ်လိုအပ်ချက်အရ အေတီမက်အသင်းအနေနဲ့ ယခုပွဲစဉ်မှာ လီဗာပူးကို မဖြစ်မနေ နိုင်ပွဲရရှိဖို့လိုနေတာကြောင့် အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ လီဗာပူးကလည်း ယခုပွဲစဉ်အနိုင်ရရှိရင် နောက်တစ်ဆင့်တက်ရောက်ရေး ပိုနီးစပ်သွားမှာ ဖြစ်တာကြောင့် နိုင်ပွဲရရှိရေးကို ဦးတည်လာမှာပါ။ ဒါကြောင့် အေတီမက်အသင်းအနေနဲ့ ပထမအကျော့က ရှုံးကြွေးပြန်ဆပ်ကာ နောက်တစ်ဆင့်တက်ရောက်ရေးမျှော်လင့်ချက် ပိုခိုင်မာသွားမလားစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရသတင်းတိုများ

- လီဗာပူးအသင်းသည် လိဒ်စ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ကဲလ်ဗင်ဖီးလစ် (၂၅နှစ်) ကို ခေါ်ယူရေးတွင် မန်ယူအသင်းနှင့်အပြိုင် ပါဝင်လာသည်။
- အီတလီစီးရီးအေပွဲစဉ် (၁၀) အဖြစ် အောက်တိုဘာ ၂၉ ရက်နံနက်ပိုင်းက နာပိုလီနှင့် ဘိုလော့ဂ်နာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နာပိုလီက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။
- မန်ယူအသင်းသည် နည်းပြဆိုးလ်ရှားကို ထုတ်ပယ်ခဲ့ပါက ပေါင် ၇ ဒသမ ၅ သန်းပေးချေရဖွယ်ရှိသည်။

# ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲကို ကိုဗစ် -၁၉ ကူးစက်မှု အခြေအနေများကြောင့် ယခုနှစ်အတွင်းကျင်းပရန် ဖျက်သိမ်းခဲ့ရပြီး ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဟု ပြိုင်ပွဲစီစဉ်သူများက အောက်တိုဘာ ၂၈ ရက်တွင်ပြောသည်။ အဆိုပါပြိုင်ပွဲကို ရီယိုဒီဂျနေးယိုးမြို့တောင်ပိုင်း ဂေဘီယာတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရီယိုအိုးပင်းပြိုင်ပွဲကျင်းပနိုင်ခြင်းမှာ ရီယိုဒီဂျနေးယိုးမြို့အတွက် ကြီးမားသည့်လက်ဆောင်တစ်ခုပင်ဖြစ်ကြောင်း ပြိုင်ပွဲဒါရိုက်တာ မာရှယ်ကက်စ်က ပြောသည်။ အောင်မြင်သည့်ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ကြောင့်လည်း ပြိုင်ပွဲပြန်လည်ကျင်းပနိုင်ရေးအိပ်မက်ကို ပြန်မက်နိုင်ပြီဖြစ်ကာ ရီယိုအိုးပင်းပြိုင်ပွဲကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရာဖေးလ်နာဒယ် ၊ ဒိုမနစ်တင်းမ် ၊ ဒီယေဂိုရှဝက်ဇမန်းတို့မှာ ပြီးခဲ့သည့် ရီယိုအိုးပင်းဆုရှင်များဖြစ်ကြသည်။



ယခင်ကျင်းပခဲ့သည့် ရီယိုအိုးပင်းအားကစားပြိုင်ပွဲကို တွေ့ရစဉ်။



အာဖရိကကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပစဉ်။

# အာဖရိကတစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲ အယ်လ်ဂါမယ်လ် အနိုင်ရရှိ

အီဂျစ်နိုင်ငံမှ အဒ်ဟမ် ဟာတမ်အယ်လ်ဂါမယ်လ်သည် ၂၀၂၁ ခုနှစ် အာဖရိက အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်ဟု သိရသည်။ အယ်လ်ဂါမယ်လ်သည် အကြိုဗိုလ်လုပွဲတွင် ဇမ်ဘီယာနိုင်ငံမှ ကာလိုဘို မူလန်ဂါကို အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်ပြိုင်ပွဲတွင် အာမက် ဆာလာ့ရ်ကို အနိုင်ရရှိခဲ့သည်။

အမျိုးသားနှစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အယ်လ်ဂျီးရီးယားမှ ကိုစီ လီယာ မမ်မာရီနှင့် ယူဆက်ဖ် ဆာဘရီ မီဒယ်တို့သည် အီဂျစ်မှ အဗ္ဗဒါရာဟမ် အဗ္ဗ ဒယ်ဟာကင်နှင့် ဆာလာ့ရ်တို့ကို အနိုင်ရရှိခဲ့သည်။ ယူဂန္ဓာနိုင်ငံမှ ကြက်တောင်ရိုက်အသင်းမှ ဥက္ကဋ္ဌဖြစ်သူ အန်နက် နာကမ်ယာက ကိုဗစ် -၁၉ တင်းကျပ်သည့် စည်းကမ်းများကြားတွင် ကြက်တောင်ရိုက်ပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်သည့်အတွက် ဂုဏ်ယူမိကြောင်းပြောသည်။

အားကစားသမားများ၏ စွမ်းဆောင်ရည်ကိုလည်း ကျေနပ်အားရမိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အောင် - ရေးသားသည်

# ဟဲဗီးဝိတ်လောကမှာ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့ ဟဲဗီးဝိတ်လက်ဝှေ့ကျော် တိုင်ဆန်ဖူရီ

ဒီယွန်တေ ဝိုင်ဒါကို သူနိုင်ကိုယ်နိုင် အပြိုင်ကြဲပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ နပန်းပွဲစဉ်အပါအဝင် ပွဲစဉ် ၃၂ ပွဲအထိ ရှုံးပွဲမရှိဘဲ နိုင်ပွဲတွေရရှိခဲ့တဲ့ တိုင်ဆန်ဖူရီဟာ လက်ရှိဟဲဗီးဝိတ်လောကမှာ တော့ အကောင်းဆုံး ဟဲဗီးဝိတ်လက်ဝှေ့သမားအဖြစ် သူ့ရဲ့အဆင့်အတန်းကို နေရာတစ်ခုမှာ အခိုင်အမာ စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဖူရီကို ဂန္တဝင်လက်ဝှေ့ကျော်တွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင် သူဟာ ဘယ်အနေအထားလောက်မှာ ရပ်တည်နေသလဲ ဆိုတာကို ပြိုင်ဘက် ဗြိတိန်ဟဲဗီးဝိတ်လက်ဝှေ့ကျော် ဒီလန်ဝိုက်က အသက် ၃၃နှစ်ရှိပြီဖြစ်တဲ့ ဖူရီဟာ အကောင်းဆုံး လို့ မပြောနိုင်သေးဘူးလို့ ဆိုပါတယ်။

သူဘယ်သူ့ကို ယှဉ်ပြိုင်ထိုးသတ်ခဲ့တာလဲ။ ဒီယွန်တေ ဝိုင်ဒါနဲ့ ဗလာဒီမာ ကလစ်ချ်ကိုတို့ဖြစ်ပါတယ်။ ဒါတွေကို ကြည့်ရင် သူ့ကိုယ်သူ အကောင်းဆုံးလို့ မခေါ်နိုင်သေးဘူးလို့ ဒီလန်ဝိုက်က ပြောပါတယ်။

သူ့ခေတ်မှာ သူဟာ အကောင်းဆုံး ဟဲဗီးဝိတ်လက်ဝှေ့သမားဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတာ သူဟာ ရှုံးပွဲမရှိခဲ့လို့ပါပဲ။ သူ့အရှေ့မှာ ရှိတဲ့သူတွေအကုန်လုံးကို ယှဉ်ပြိုင်အနိုင်ယူခဲ့နိုင်ပါတယ်။ ဒါပေမယ့် သူဟာ အကောင်းဆုံး မဟုတ်သေးပါဘူး။

လီယွန်နက် လူးဝစ်ရရှိခဲ့တဲ့အောင်မြင်မှုရဲ့ ထက်ဝက်လောက်တောင် မရသေးပါဘူး။ ထို့အတူ မိုဟာမက်အလီ၊ ဂျိုးဖရေဇီယာ၊ ဂျော့ဖိုမင်တို့ရဲ့ ထက်ဝက်လောက်တောင် မရသေးပါဘူး။

အသက် ၃၃ နှစ်ရှိ ဝိုက်ဟာ ဖူရီရဲ့ ယှဉ်ပြိုင်ဘက်အဖြစ် အမွှမ်းတင်ခံထားရသူ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပခုံးဒဏ်ရာကြောင့် ပွဲဖြစ်မဖြစ်တော့ မသေချာသေးပါဘူး။





သူ့ခေတ်သူ့အခါမှာ ရှုံးပွဲမရှိ အကောင်းဆုံးဖြစ်နေတဲ့ တိုင်ဆန်ဖူရီ

ကမ္ဘာ့အကောင်းဆုံး တိုက်ခိုက်ရေးသမားတွေနဲ့ပဲ တိုက်ခိုက်ချင်တယ်။ တိုင်ဆန်ဖူရီဟာ အခုလက်ရှိမှာတော့ ဆရာကြီးပဲ။ ရှုံးပွဲမရှိသေးတဲ့ ဟဲဗီးဝိတ်ချန်ပီယံတစ်ယောက်ပဲ။ ခါးပတ်တွေအကုန်လုံးကို ရယူထားတဲ့ တစ်ဦးတည်းသောသူပဲလို့ ၂၈ ပွဲနိုင်၊ နှစ်ပွဲ ရှုံးတဲ့ ဝိုက်က ဒဏ်ရာမရခင်က ပြောလိုက်ပါတယ်။

# တရုတ်အားကစားသမားတွေကို နိုင်ငံခြားအသင်းတွေမှာ တွေ့မြင်ချင်တယ်လို့ တရုတ်ကစားသမားတစ်ဦးပြော

ဩစတြေးလျ အမျိုးသားဘတ်စကက်ဘောလိဂ်အသင်းမှာ မကြာမီကစားနိုင်ရန် မျှော်လင့်ချက် အပြည့် ဖြစ်နေတဲ့ တရုတ်ကစားသမား ကျောင်းရှီက သူ့အနေနဲ့ တရုတ်အားကစားသမားတွေ နိုင်ငံခြားမှာ ကစားတာကို ပိုပြီး တွေ့မြင်ချင်ကြောင်း ပြောကြားလိုက်ပါတယ်။

နိုင်ငံခြားမှာကစားဖို့ အခွင့်အလမ်းဟာ တစ်ဦးချင်းစီရဲ့ အရည်အချင်းတွေ တိုးတက်ဖို့ အဖိုးမဖြတ်နိုင်ဘူးလို့ သူက ပြောပါတယ်။

အသက် ၂၅ နှစ်ရှိ Zhou ဟာ ၂၀၁၄ ခုနှစ်က တရုတ်အမျိုးသားအသင်းမှာ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ အားကစားကို စတင်ခဲ့ပါတယ်။ သူဟာ ၂၀၁၇ ခုနှစ်မှာ ဟူစတန်ရော့ကတ်နဲ့ စာချုပ်ချုပ်ဆိုပြီး အလယ်တန်းမှာ ကစားခဲ့ပါတယ်။

၂၀၁၉-၂၀၂၀ ရာသီမှာ သူဟာ တရုတ်ဘတ်စကက်ဘောအဖွဲ့ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။

လင်းခေတ်ဆန် - စုစည်းသည်

# အိုလံပစ်ချန်ပီယံရဲ့ ရင်သွေးလေးကို မွေးဖွားပေးလိုက်တဲ့ သူ့ရဲ့လက်တွဲဖော်



ကလေးနဲ့အတူတွေ့ရတဲ့ ဩစတြေးလျအိုလံပစ်နှင်းလျှောစီးသမား အဲလက်ချန်ပီပူလင်းရဲ့ လက်တွဲဖော် အဲလီဒီပူလင်း

ဩစတြေးလျအိုလံပစ်နှင်းလျှောစီးသမား အဲလက်ချန်ပီပူလင်းရဲ့ လက်တွဲဖော် အဲလီဒီပူလင်းဟာ လွန်ခဲ့တဲ့နှစ်က ချန်ပီပူလင်း သေဆုံးပြီးနောက် ၁၅ လအကြာမှာ သူတို့ရဲ့ သမီးလေးကို မွေးဖွားခဲ့ပါတယ်။

နှင်းလျှောစီးသမား ပူလင်းဟာ ကမ္ဘာ့ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လက သူ့ရဲ့ ဇာတိမြေမှာ ရေငုပ်ငါးပစ် ဖမ်းရင်း သေဆုံးခဲ့ပါတယ်။

အသက် ၃၂ နှစ်သာရှိသေးတဲ့ နှင်းလျှောစီးသမားပူလင်းဟာ ရုရှားနိုင်ငံ ဆိုချီမှာကျင်းပခဲ့တဲ့ ၂၀၁၄ ဆောင်းရာသီအိုလံပစ်မှာ ဩစတြေးလျအလံကိုင်ဖြစ်ခဲ့ပြီး စုစုပေါင်း အိုလံပစ်သုံးပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

သူနဲ့သူ့ရဲ့လက်တွဲဖော်တို့ နှစ်ပေါင်းများစွာကြာအောင် ကလေးရရှိရေး အိပ်မက်မက်ခဲ့ကြပြီး လွန်ခဲ့တဲ့နှစ် ဇွန်လမှာမှ ကိုယ်ဝန်ရရှိခဲ့တယ်လို့ ပူလင်းက ကြေညာခဲ့ပါတယ်။

နောက်ဆုံးတော့ချန်ပီလေးဟာ ကမ္ဘာလောကကြီးထဲ ရောက်ရှိလာခဲ့ပြီ၊ မင်းကိုဝမ်းသာဂုဏ်ယူစွာနဲ့ ကြိုဆိုပါတယ်လို့ သူက လူမှုမီဒီယာပေါ်မှာ ရေးလိုက်ပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၅)၊ မန္တလေးတိုင်းဒေသကြီးရုံးမှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ရက်အထိ (၆) လတာကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးလုပ်ငန်းတစ်ရပ်လုံး အိတ်ဖွင့်တင်ဒါ တင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၂၁ ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်** - ၃၀-၁၁-၂၀၂၁ရက်

တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါ၊ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၅)၊ မန္တလေးတိုင်းဒေသကြီးရုံး၊ မန္တလေးမြို့ ဖုန်း-၀၂-၄၀၆၀၂၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
## ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့
## ရေမီတာများတပ်ဆင်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သောရေမီတာ (Manual)(၂၀၀၀လုံး)(ဆက်စပ်ပစ္စည်းများအပါ)ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးဝေရေး လုပ်ငန်းအတွက် အိမ်သွယ်ရေတိုင်များအား ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော ရေမီတာ (Manual) (၂၀၀၀လုံး) (ဆက်စပ်ပစ္စည်းများအပါ)အား ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက်** - ၂၉-၁၀-၂၀၂၁ရက်မှ (၂၆-၁၁-၂၀၂၁)ရက်အထိ
(ခ) **တင်ဒါဖွင့်ဖောက် စိစစ်မည့်ရက်/အချိန်** - ၃၀-၁၁-၂၀၂၁ရက်၊ ၁၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ် စိစစ်မည့်နေရာ** - ကျောက်တန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၉-၁၀-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁၄၀၀၉၀၀၊ ၀၉-၄၂၀၁၄၆၄၄၃၊ ၀၉-၄၀၄၇၅၁၂၅၀

**တင်ဒါကော်မတီ**
**ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၄၅၈၈၊ ဧရိယာ ဝ.ဒသမ ၀၅၅ ဧကရှိ ဒေါ်သူဇာ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းမြတ်နိုး ၇/ပခန(နိုင်)၃၃၂၃၄၇ မှ နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေးစာရင်းမူရင်းများတင်ပြပြီး ဒေါ်အေးအေးမာ ၇/ပခန(နိုင်)၂၁၀၈၁၈နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်း အနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၉၉၄-A)၊ မြေ ဧရိယာ ဝ.ဒသမ ၀၈၂ ဧကရှိ ဒေါ်သိမ့်သိမ့်လွင် (ဘ)ဦးသိန်းဆောင် ၉/လဝန(နိုင်)၁၅၈၉၅၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသန်းစိုး(ဘ)ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၁၂၂၉၉၇မှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၉/၂၀၂၀)(၂၀-၂-၂၀၂၀) မူရင်းတင်ပြ၍ ဒေါ်သက်ထားဇင်(ဘ)ဦးညွန့်ဝင်း ၉/ဇယသ(နိုင်)၀၀၃၇၀၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်မှ မြေဧရိယာ ၀ဒသမ၁၄၆ဧက၊ မြေကွက်အမှတ် (ပ-၁၆၂၂)၊ ဦးဟောက်ဒိုဆွမ်း ၁၂/မရက (နိုင်)၁၀၈၉၇၆ (ဘ) ဦးခိုင်ဇာဒါးလ် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဆန်းထွန်း ၉/မနတ(နိုင်)၀၃၄၅၃၈ (ဘ)ဦးထွန်းရွှေမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၅၃၀/၂၀၂၁) တင်ပြ၍ ဒေါ်အိအိအောင် ၁၂/သဃက(နိုင်)၁၃၉၀၅၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ကရင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ် (၇)မြို့နယ်တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ(၆)လ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် စက်ယာဉ်ယန္တရားများငှားရမ်းခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့ကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၁၁-၂၀၂၁ရက် (တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၂၅-၁၁-၂၀၂၁ရက်(ကြာသပတေးနေ့)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များရှိပါက ရုံးချိန်အတွင်း ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဘားအံခရိုင်ရုံး-ဖုန်း- ၀၅၈-၈၉၀၄၀၂၅
ကော့ကရိတ်ခရိုင်-ဖုန်း-၀၉-၄၂၃၇၁၂၆၈၅

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၁၅၁၇)၊ မြေကွက်တည်နေ ရာအမှတ် (၁၅၁၇)၊ ဖိုးရာဇာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမိုးကျော် ၉/ညဥန(နိုင်)၀၀၁၁၃၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမိုးကျော်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဝါဝါခင်မောင်မြင့် ၁၂/စခန(နိုင်) ၀၀၄၀၄၃ မှ ပါမစ်မူရင်း၊ အရောင်းအဝယ် အရပ်ကတိစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ပါမစ်ရှိ ဂရန်သစ်လျှောက်ထားလာရာ အဆိုပါမြေကွက်၏မြေစာရင်းမှတ်ချက်တွင် (၁၁-၇-၁၁)ရက်တွင် ဦးသန့်ဇင်မှ ဂရန်သစ်လျှောက်ထားခြင်းအား မှတ်သားထားသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရန်အတွက် အကြောင်းကြားခဲ့ရာ မိမိမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပြီးပါမစ်မူရင်းမှာလည်း လက်ဝယ်ရှိ ပြီး ဦးသန့်ဇင်အား ရှာဖွေရာ မတွေ့ရှိပါကြောင်း၊ ပါမစ်မူရင်းလက်ဝယ်ရှိပြီး မြေပြင်အား လက်ရောက်ရရှိပြီးဖြစ်ပါသဖြင့် မိမိ၏ ဂရန်သစ်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် ဖြစ်ပေါ်လာမည့် ကိစ္စအဝဝအား တာဝန်ယူပါကြောင်း ဒေါ်ဝါဝါခင်မောင်မြင့်မှ ၁၇-၇-၂၀၂၀ ရက်စွဲပါစာဖြင့် ဝန်ခံကတိပြု တင်ပြလာပါသဖြင့် ဒေါ်ဝါဝါခင်မောင်မြင့်၏ ပါမစ်ရှိ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်မိတ်ဆွေ ဦးချိုနိုင်ထွန်း ၁၂/သကတ(နိုင်)၁၇၃၉၆၀သည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉/ရပ်ကွက်၊ ရတနာပုံ (၄)လမ်း၊ အမှတ် (၈၉၁/ခ) ဟုခေါ်တွင်သော ဒေါ်ကြင်သိန်း(ခ)ဒေါ်ကျင်သိန်း ဂရန်အမည်ပေါက် အိမ်နှင့်မြေကို အမွေဆက်ခံသူသားသမီးများထံမှ ၂၇-၁၀-၂၀၂၁ရက်စွဲပါ စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အဆိုပါအိမ်နှင့်မြေ အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၁)**
**အမှတ် (၉၈၇)၊ ရတနာပုံ (၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၁၀၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ဃ)ရပ်ကွက်၊ နှယ်နီ ၅လမ်း၊ အမှတ် ၃၈၄/ခ၊ မြေညီ+ ထပ်ခိုး(ခြေရင်းခြမ်း)၊ တိုက်ခန်းတစ်ခန်းနှင့် ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်မျိုးမျိုးနိုင် ၁၂/ဥကမ(နိုင်)၀၁၁၀၅၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဉ်- ၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
**အမှတ်၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ (၃) လမ်းအရှေ့၊ တိုက် (၉၁၆)၊ (ပထမထပ်) (ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၃ပေ x ၅၅ပေ)ရှိ တိုက်ခန်းအား ဦးထက်ကျော် ၉/တကန(နိုင်)၀၀၀၀၁၀မှ စာချုပ် အဆက်ဆက်ဖြင့် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပြီး မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၁၄၀)**
**အမှတ် (၇၀၅)၊ မာန်ပြေ (၁)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၅၈၂၃၂၇၊ ၀၉-၂၅၃၈၉၇၁၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ကရင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ် (၇)မြို့နယ်တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့ကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၁၁-၂၀၂၁ရက် (တနင်္လာနေ့)မှ ၂၅-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့)အထိ
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၁-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါက ရုံးချိန်အတွင်း ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

ဘားအံခရိုင်ရုံးဖုန်း - ၀၅၈-၈၉၀၄၀၂၅
ကော့ကရိတ်ခရိုင်ရုံးဖုန်း - ၀၉-၄၂၃၇၁၂၆၈၅

**တင်ဒါကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် (၇၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈)၊ မြေကွက်အမှတ် (၇/ခ၂)ဟုခေါ်တွင်သော မြေကွက်ကြီးထဲတွင် ကန်ထရိုက်တာ ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီနှင့် မြေရှင်များဖြစ်ကြသည့် ဦးတင်လှ ပါ -(၄)ဦးတို့မှ အကျိုးတူပူးပေါင်းဆောက်လုပ်ရာတွင် ကန်ထရိုက်တာ ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ဆောက်လုပ်ဆဲ (၃)လုံးမြောက်တိုက်၏ (၃)ခန်းတွဲပါ တိုက်ခန်း (၃)ခန်းကို ဒေါ်ခင်ထားရီ(ခ)ဒေါ်ထွားရီထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သီတာအေးကကြိုပွဲငွေစနစ်ဖြင့် ဦးစွာဝယ်ယူထားသည့် တိုက်ခန်းများဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်၏ အကျိုးကို ထိပါးနှောင့်ယှက်လာသူမည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သီတာဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၇၂)**
**အမှတ်-၆၀(ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကျေးရွာအုပ်စု(ရေတိမ်)၊ကွင်း/ အကွက်အမှတ် (၄၂၀/ရေတိမ်တောင်)၊ ဦးပိုင်အမှတ် (၃၅/၃)၊ ဧရိယာ ၁၄ဒသမ၆၇ ဧကရှိ လယ်မြေအား လယ်ယာမြေ ပုံစံ(၇) အမည်ပေါက် ဒေါ်တင်ရီ ၁၂/ကခက(နိုင်)၀၁၂၀၉၈ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၁)လမ်း၊ မြေကွက်အမှတ် (၃၁၂)၊ ဧရိယာ ပေ (၄၀x၆၀)ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းဧရိယာပေ (၁၅x၆၀) မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သက်သက်ဝင်း ၁၄/ဟသတ(နိုင်)၁၉၉၅၀၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုကိုထွေး ၁၂/ဥကမ(နိုင်)၁၇၂၆၇၆က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက် အမှတ်(၂၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ(ဘီ)၊ (တိုက်ရှေ့မျက်နှာမူလျှင်- ညာဘက်)၊ အကျယ်အဝန်း(၁၂ပေခွဲ x ၆၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ ယခုလက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်မြမြသန်း ၁၂/ကတတ(နိုင်)၀၁၂၇၁၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) | ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်-၁၆၇၀၅) |
| (အထက်တန်းရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကွန်ဒိုအခန်းငှားမည်

သင်္ဃန်းကျွန်း-မလိခ ကွန်ဒို
1 900 sqft
FULLY FURNITURE
BUILDING C, အခန်း904,
တစ်လ ၉ သိန်း
**Ph-09-777413407**
**09-759806217**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6455, Dagon Taw Win L/T, Pick Up (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဝင်း ၈/မကန(နိုင်)၀၀၁၇၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/1605, TOYOTA, SUCCEED NCP 51, STATION WAGON (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော် ၁၂/ဥကတ(နိုင်)၀၆၉၈၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6497, Toyota BB RNC 20 (H/B) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာလင်း ၉/မရမ(နိုင်)၀၇၉၅၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3339, WIN STAR LIGHT TRUCK, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၇/လပတ(နိုင်)၀၉၄၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၁၄၆ဧက၊ မြေ ကွက်အမှတ် (ဥ-၆၃၄၇)၊ ဦးကျော်ရှင်း (ဘ)ဦးအောင်ညို အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဝင်းစံဖြူ ၇/ဖမန(နိုင်)၀၈၉၆၁၁ (ဘ)ဦးကိုလေးမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၃/၂၀၂၁ (၄-၁၀-၂၀၂၁) တင်ပြ၍ ဦးသက်နိုင်ဦး ၇/ဖမန(နိုင်)၀၁၃၈၇၅ (ဘ) ဦးကျော်ငြိမ်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူ ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၉၃၁/၇၆နေ ဒေါ်နီနီညွန့် ၁၂/အစန(နိုင်)၀၉၄၇၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော Asia Center Modern Trade Co., Ltd. မှ အောက်ဖော်ပြပါ Asia Center ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ အထွေထွေဝန်ဆောင်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကပ်နိုပ်အသုံးပြု၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုလည်း မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၆၁၂၄/၂၀၁၇ ဖြင့် မှတ်ပုံတင်တင်သွင်းခဲ့ပြီးလည်းဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တစ်ဦးတည်းမူပိုင်ရရှိထားသည့် အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို နှောင့်ယှက်ခြင်းမပြုပါရန်နှင့် အခြား မည်သူတစ်ဦးတစ်ယောက်ကမျှ တုပ၍ဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ ကြေညာခြင်း၊ ဆိုင်းဘုတ်တင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် ၆/ဏ(၂-၂)ဟုခေါ်တွင်သော ၀ ဒသမ ၀၂၈ ဧက အကျယ်အဝန်းရှိ ဦးထွန်းဝင်း အမည်ပေါက် မြေပိုင်မြေ(လ/န-၃၉)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်(ခေါင်းရင်းခြမ်း)အခန်း၊ အကျယ်အဝန်း (၁၁'၆"x၄၃')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်ခဲ့ပြီးဖြစ်သော (ခင်ပွန်း)ဦးထွန်းဝင်းက ပိုင်ဆိုင်ခဲ့ပြီး ကွယ်လွန်သူ၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည် ၁၂/လမန(နိုင်)၀၃၃၂၂၅မှ ၎င်းသာလျှင် အမွေဆက်ခံခွင့်ရှိသူဖြစ်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းကိုကိုဝင်း ၁၂/ဗတထ(နိုင်)၀၃၉၅၈၀၀က ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းမင်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၈၄)**
**မင်းဒင်(၁)လမ်း၊ ၁၀-၃၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-+၉၅၉၈၇၅၅၈၇၀၁၉၊ +၉၅၉၄၃၁၂၅၀၀၀၊ +၉၅၉၇၅၆၄၅၀၀၀၆**

## ကန့်ကွက်နိုင်ပါသည်

